ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
e – paper ဖတ်ရှုရန်

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 28 October 2026 ၁၂၄၄၅






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ ယခင်နှစ်များထက် စည်ကား



မြစ်ကြီးနား အောက်တိုဘာ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဘုရားစေတီပုထိုးများတွင် ယမန်နေ့ သီတင်းကျွတ်လပြည့်က ကုသိုလ်ဒါန ပြုကြသူများ၊ ဆီမီးပူဇော်ပွဲများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်မှုများ၊ မင်းရုပ်ပြည်သူ့ အားကစားကွင်းအတွင်း သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့ပြီး ယခင်နှစ်များထက် စည်ကား ခဲ့သည်။

သီတင်းကျွတ် လပြည့်ညတွင် ပြည်သူများက မြစ်ကြီးနားမြို့ သီတာ ရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အော်င် ဆုတောင်းပြည့် စေတီတော်ရင်ပြင်၌ ဆီမီးတစ်ထောင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၇

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"အခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် ဆက်လက်တည်ရှိနေသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



# MSME လုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် ပါကင်ပိတ်စက်များ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်ကုန်များ ဈေးကွက်ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ပါကင်ပိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

**အခွန်ဆိုင်ရာ အယူခံခြင်းမှသည် တရားမှုတမှုဆီသို့** ဆောင်းပါး စာမျက်နှာ » ၁၁

**ပဲခူးမြို့၌ လယ်ယာသုံးစက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်း ပွဲတော်ကျင်းပ** စာမျက်နှာ » ၁၅

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကျန်းမာ၊ စီးပွား အထူးအလေးထား

ယနေ့ကာလ နေ့အပူချိန်များကို လေ့လာကြည့်လျှင် ပူပြင်းခြောက်သွေ့သည့် မြန်မာပြည်အလယ်ပိုင်းမြို့နယ်များ၌ အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်အထက်တွင် ရှိသည်။ အလွန်ပူသောနှစ်များ၌ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထက်၌ရှိသဖြင့် အပူချိန်ပြင်းထန်သည်ဟု မဆိုနိုင်ပေ။ သို့သော် အလွန်ပူပြင်းသည့် အပူရှိန်ကို သိသိသာသာကြုံတွေ့နေရခြင်းမှာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ခံစားကြရသည်ကို အားလုံးသိရှိနားလည်ထားကြသည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ယခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလကုန်တွင် အဖြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများတွင် သတိပြုလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့လေထုလည်ပတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများကို အပြောင်းအလဲဖြစ်စေနိုင်သဖြင့် အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နိုင် သကဲ့သို့ အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ဖြစ်စဉ်သည် ရာသီဇာတများရရှိနိုင်မှု၊ ဖြန့်ဖြူးမှုနှင့် အရည်အသွေးတို့အပေါ် သက်ရောက်မှုရှိနိုင်သည်။ အပူချိန်မြင့်တက်လာမှုနှင့်အတူ ရေငွေ့ပြန်နှုန်းမြင့်တက်လာပြီး မြေဆီလွှာအတွင်းရှိ အစိုဓာတ်နှင့် ရေလောင်းကန်များရှိ ရေပမာဏများ လျော့နည်းလာနိုင်သည်။ ယင်းအခြေအနေသည် သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လုပ်ငန်းသုံးများအတွက် လိုအပ်သော ရေများ အခက်အခဲများရှိလာနိုင်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့်နိုင်ငံဖြစ်၍ ရေသယံဇာတများအပေါ် သက်ရောက်မှုများကို အထူးသတိပြုရမည်ဖြစ်သည်။ သောက်သုံးရေ မလုံလောက်မှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ စိုက်ပျိုးရေမလုံလောက်မှုကြောင့်လည်း သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ စိုက်ပျိုးချိန်ပြောင်းလဲခြင်းတို့ကြောင့် စားရေရိက္ခာလုံခြုံမှုနှင့် တောင်သူလယ်သမားများ ဝင်ငွေထိခိုက်မှုတို့ကို ဖြစ်စေနိုင်သည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်သဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မိုးရာသီတွင် ရရှိသော ရေကိုသိုလှောင်ထိန်းသိမ်းခြင်း၊ ရေကိုအလေအလွင့်မရှိအောင်သုံးစွဲခြင်း၊ အိမ်သုံးရေကိုချွေတာခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းခြင်းနှင့် သစ်တောသစ်ပင်များ ပျိုးထောင်စိုက်ပျိုးထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေသည့် သီးနှံပင်များကို စိုက်ပျိုးခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြည်သူများ ကျန်းမာရေးအတွက် အထူးသတိပြုလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အပူဒဏ်အန္တရာယ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းနှင့် အသက်အန္တရာယ်များဖြစ်ပေါ်စေနိုင်သဖြင့် ရေများများသောက်ပါ။ အရိပ်ရ၍ အေးမြသောနေရာများတွင် အနားယူပါ၊ အပြင်ထွက်သည့်အခါတွင် ထီး၊ ဦးထုပ်ဆောင်းပါ၊ အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည်များအား လွန်ကဲစွာ သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ပါ။ ထို့အပြင် ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အစာအဆိပ်သင့်ခြင်းနှင့် တိုက်ဖွိုက်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အရေပြားနှင့် မျက်စိရောဂါများကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ဆူပွက်နေအောင် ကျိုချက်ထားသောရေသို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊ ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နားစာများကို မစားပါနှင့်၊ လက်ကို ဆပ်ပြာနှင့်ရေသုံးပြီး စနစ်တကျ မကြာခဏဆေးကြောပါ၊ ခြင်နှင့် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊ ရေသို့လောင်ထားသည့် စည်၊ အိုး၊ ကန်တို့ကို လုံခြုံအောင်ဖုံးအုပ်ထားရန်နှင့် ခြင်ကိုက်မခံရအောင် ကာကွယ်ကြရမည်ဖြစ်သည်။

ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုလည်း သတိပြုရမည်ဖြစ်သည်။ ဖုန်မှုန့်နှင့် မီးခိုးငွေ့များကြောင့် ပန်းနာရင်ကျပ်၊ ဓာတ်မတည့်ခြင်းနှင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းတို့ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးဖြစ်ပေါ်ခဲ့ဖူးသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မိုးခေါင်ခြင်း၊ အပူလှိုင်း ကျရောက်ခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ" ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း "ကိုမန်"ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံခြင်းဖြစ်ပေါ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ဖြစ်ပေါ်ခဲ့ပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခဲ့သည်။ တစ်ဆက်တည်းတွင် ဆိုင်ကလုန်းမုန်တိုင်း "ရာဂီ"ဖြစ်ပေါ်ခဲ့ပြီး တောင်ကျရောနှင့် ရှိန်နှံ အမှိုက်များကျဆင်းပြီး ရေကြီးရေလျှံမှုနှင့် ကျေးရွာများ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် အပူချိန်အလွန်မြင့်မားထန်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မုန်တိုင်းအကျိုးသက်ရောက်မှုများ ကြုံတွေ့ခဲ့ရပြီးဖြစ်ရာ ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ကြုံတွေ့နေရပြီဖြစ်သည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရမည့် လူမှုဘဝ အခြေအနေများ၊ ကျန်းမာရေးအရ ထိခိုက်နိုင်မှုများကို သက်ဆိုင်ရာက အသိပေး၊ သတိပေးမှုများနှင့်အတူ ကြိုတင်ပြင်ဆင် သတိပြုကာကွယ်ထားကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်သူကြောက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အတူလက်တွဲဖော်ဆောင်မှ ရမည့်ငြိမ်းချမ်းရေးတွင် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရား ရှိရှိ ပါဝင်ဖို့လိုအပ်"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် **"မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့် စွန့်ခွာလာကြသလဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည် ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးရှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါ တစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဖြွင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်းမပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

( ၉ ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလျောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ၂၇ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၃၅၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ
သတင်းထောက်များ - အေငကျော်ဦး၊ သန်းတင်အောင်
အငယ်တန်း - ခင်သက်မွန်၊ မြသီတာ
သတင်းထောက်များ - ဇင်မာဝင်
သုတေသန - ခင်နှင်းယုနှင့်အဖွဲ့
စာပြင် - နီလာစိုးနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - စိုးချစ်ဦးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးသူရ



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမျိုးသား ခုံမင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ တေးသီချင်းအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ပုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အဘဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွ လက်တွဲ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိအားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ ဝါသနာရှင်အဆင့် (၃တိယတန်း)အမျိုးသမီးနှင့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ခုံမင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက တေးသီချင်းများအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်မှုများ အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြား တွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေး စိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍာတွင် ယဉ်ကျေးမှု အနုပညာစွမ်းအား ဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်များဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပပြုလုပ်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

❐ ကချင်ပြည်နယ်မှ

ထွန်းညီပူဇော်မှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က သွားရောက်ကြည့်ရှုအားပေးကြပြီး အတူတကွ ဆီမီးထွန်းညှိပူဇော်ကာ မုန့်နှင့် အချိုရည်ဘူးများကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးသည်။

ထို့အတူ ရပ်တော်မူရုပ်ပွားတော်မြတ်ကြီး၊ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် အံတော်ရှင်စေတီတော်မြတ်ကြီးတို့တွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ကုသိုလ်ဒါနပြုခြင်းတို့ကို ပြည်သူများနှင့်အတူ ဆောင်ရွက်ခဲ့ပြီး သီတင်းကျွတ် မီးထွန်းပွဲတော်အထိမ်းအမှတ် ဈေးပွဲတော်ဆိုင်ခန်းများတွင် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ကြည့်ရှုအားပေးကြသည်။

အလားတူ မင်းရုပ်ကွက် ပြည်သူ့အားကစားကွင်း၌ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဖျော်ဖြေပွဲများ ကျင်းပနေမှု၌ ဌာနဆိုင်ရာများစုပေါင်း၍ မြန်မာ့ရိုးရာအစားအစာများ စတုဒိသာကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်သူများနှင့်အတူ ရောင့်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ မျော်ရွှင်စွာ ပါဝင်ဆင်နွဲကြသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူမနော်ကွင်းအတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၂၅ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည့် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ သတ္တမရက် အဆို၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ဒုတိယသမ္မတ ဦးညီစော တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ သတ္တမရက် အဆို၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညီစောသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက် ကြည့်ရှုအားပေးသည်။



ဒုတိယသမ္မတ ဦးညီစော ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုအားပေး**

ဒုတိယ သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက မြန်မာ့ဓမ္မမှန် သီချင်းဖြင့် တစ်ဦးချင်း သီဆို ပြိုင်ပွဲဝင်နေမှုများကို လည်း ကောင်း၊ နီလာခန်းမ၌ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ညဉ့်သုံးယံခါ (ပတ်ဗျိုး) သီချင်းဖြင့် တစ်ဦးချင်း တီးခတ်ယှဉ်ပြိုင်နေမှုများကို လည်းကောင်း လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ အကြိမ်(၃၀)မြောက် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်၊ နှစ်နိုင်ငံအကြား Roadmap on Cooperation လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၇**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် စွမ်းအင်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် မင့်စ်မြို့သို့ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် ဖိုရမ်သို့ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ တက်ရောက်၍ ဖိုရမ်၏ မျက်နှာစုံညီအစည်းဝေး Plenary section သို့ Developing Energy၊ Developing the Economy ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။




**ရင်းနှီးမြှုပ်နှံနိုင်ရေးဖိတ်ခေါ်**

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ တည်ရှိနေမှု ပထဝီအနေအထားအရ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်စပ်ပေးလျက်ရှိသည့် တံတားသဖွယ်ဖြစ်နေ၍ ယင်းအခွင့်အလမ်းကို အသုံးချပြီး စွမ်းအင်ဆိုင်ရာ ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်နိုင်ငံများကို မိမိတို့ မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရေနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များထိုက်သင့်သော ပေကြွယ်ဝမှုရှိသည့်အတွက် ရေနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်/ ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် စိန်ခေါ်မှုများစွာ ရှိနေသည့် အတွက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစွာဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချခြင်း၊ သဘာဝဓာတ်ငွေ့ရည်ဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆိုင်ရာ သင်ကြားကူညီမှု၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမှု စသည်တို့လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေခြင်း၊ သင့်လျော်သော ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်ချမှတ်ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်လုံခြုံရေးကို တိုးတက်စေပြီး အနာဂတ်အတွက် ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့သည့် စွမ်းအင်အဖြစ် တိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား Roadmap on Cooperation လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ Roadmap on Cooperation နှစ်နိုင်ငံအကြား မဟာဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတွင် ဖြစ်ပေါ်နိုင်သည့် လေလွင့်ဆုံးရှုံးမှုများ (Losses) လျှော့ချရေးနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ခြင်း၊ Smart Power Generation နှင့် Smart Grid တို့ ဖွံ့ဖြိုးလာစေရေး အတွက် နည်းပညာများ အကူအညီပေးခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးတွင် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် ဘယ်လာရုစ်နိုင်ငံအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များသို့ သင်တန်းသားများ စေလွှတ်၍ သက်ဆိုင်ရာဘာသာရပ်များ လေ့ကျင့်သင်ကြားခြင်း စသည်တို့ပါဝင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် Energy Expo တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြိုပင်ကောက်မြို့နယ်၌ ကျေးရွာတွင်းနှစ်ဘီးသွား ကွန်ကရစ်လမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး



**ကြိုပင်ကောက် အောက်တိုဘာ ၂၇**

ပဲခူး တိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ VDP စီမံကိန်းဖြင့် ကျွန်းကုန်းကျေးရွာတွင်း နှစ်ဘီးသွား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၅ ရက်က စတင် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်က ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်ဘီးနင်းလမ်းအား အလျားပေ ၅၂၀၊ အနံ နှစ်ပေခြောက်လက်မ၊ ဒုခြောက်လက်မ ဖြင့် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည်ဝင်ငွေကျပ် ၃၆ ဒသမ ၃ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြိုပင်ကောက်)**

# ဝါးခယ်မမြို့နယ်၌ တွင်းနက်ဆက်စပ်လုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ဝါးခယ်မ အောက်တိုဘာ ၂၇**

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မဲလီရွာမ ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တွင်းနက်ဆက်စပ်လုပ်ငန်းမှာ လုပ်ငန်းပြီးစီးမှု ၉၀ ရာခိုင်နှုန်း ရှိပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို ဇွန် ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ငွေကျပ် ၃၁ ဒသမ ၈၈ သန်း အသုံးပြု၍ ဂါလန် ၂၄၀၀ ဆံ့ အဖြင့်တင်ရေစင် (၁၀ ပေ x ၁၀ ပေ x ၂၀ ပေ) တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ လုပ်ငန်းပြီးစီးပါက မဲလီရွာမကျေးရွာရှိ အိမ်ခြေ ၁၉၀၊ အိမ်ထောင်စု ၁၉၁ စုမှ လူဦးရေ ၇၄၅ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဝါးခယ်မ (ကျေး/လက်)**

# "ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် "သဘင် မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ ကပြဖျော်ဖြေ တင်ဆက်သည့် "ဝိဓူရ" ဇာတ်တော်ကြီးကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိဓေယျာသိရိဝိမာန်သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပို့)**

အဆိုပါ ဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန် အတွက် နဝဒေးခန်းမတွင်လည်း LED Board ဖြင့် တိုက်ရိုက်ပြသထားရှိသည်။

**တင်ဆက်ကပြဖျော်ဖြေ**

"ဝိဓူရ" ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီး သမားစဉ် အပျိုတော်ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ကောရေဗျမင်း၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့၏ အတိတ်ဘဝ (တေးသရုပ်ဖော်)ခန်း၊ ကောရေဗျမင်း နန်းစီးခန်း၊ မင်းလေးပါးစုံညီ တရားပြိုင်ခန်း၊ နဂါးပြည်/ ဝရုဏနဂါးမင်း နဂါးပြည်တွင် ဝိဓူရအမတ်အကြောင်း ပြောဆို၍ မိဖုရားဝိမလာက ဝိဓူရအသည်းနှလုံး စားသုံးလိုကြောင်း ပူဆာခန်း၊ ဣရုနတီသူရဲကောင်းရှာခန်း၊ ပုဏ္ဏကမြင်းစီးထွက်ခန်း၊ ပုဏ္ဏကနှင့် ဣရုနတီဆုံစည်းခန်း၊ ပုဏ္ဏကဘီလူး ဝေပုလ္လတောင် ကိုခွဲ၍ ပတ္တမြားယူခန်း၊ ကောရေဗျမင်းနှင့် ကစ္စည်းလုလင်တို့ ကြွေအန်ကစားခန်း၊ ဝိဓူရအိမ်တော်သို့ ပုဏ္ဏက/ကစ္စည်းလုလင် လိုက်လာခေါ်ဆောင်ခန်း၊ ဝိဓူရအား ပုဏ္ဏက တောင်စဉ်(၇)ထပ်တိုက်ခန်း၊ အသူတစ်ရာနက်သည့် ချောက်အတွင်း ပစ်ချမည်အပြု ဝိဓူရ ဦးခွင်းချခန်း၊ ဝိဓူရအမတ်ကြီး နဂါးပြည်သို့ရောက်ရှိ၍ တရားဟောခန်း၊ ဝိဓူရအမတ်ကြီး ပြည်တော်ဝင်ခန်း၊ နှစ်ပါးသွား ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက ဖြိုင်ဖြိုင်ဆိုင်ဆိုင် ထိထိမိမိ ဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြ ဖျော်ဖြေကြသည်။

"ဝိဓူရ" ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဘုရားလောင်း ဝိဓူရပညာရှိ၏ ထူးကဲလှသည့် ဉာဏ်ပညာ၊ သစ္စာတရား၊ ကိုယ်ကျင့်သီလနှင့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ အန္တရာယ်နှင့် အခက်အခဲတို့ မည်မျှပင်ကြီးမားစေကာမူ သစ္စာတရားကို မစွန့်လွှတ်ခြင်း၊ ဉာဏ်ပညာဖြင့် အခြေအနေတို့ကို မှန်ကန်စွာ ဆင်ခြင်ဖြေရှင်းခြင်း သူတော်ကောင်း တရားနှင့် သူတော်ကောင်းဒွစ္စာ ခုနစ်ပါးကို ပွားများနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကပြဖျော်ဖြေ တင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေ တင်ဆက်မှုအပြီးတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ဇာတ်တော်ကြီးတွင် ပါဝင် တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ❍ MSME မှ

မြန်မာနိုင်ငံတွင် MSME လုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဝင် ပြည်တွင်းလုပ်ငန်းရှင်များက ပါကင်ဝိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နေခြင်းဖြစ်သည်။

ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထုပ်ပိုးမှု (Packaging)သည် ပထမဆုံးအမြင်အာရုံကို ဆွဲဆောင်နိုင်ရန် (First Attraction)နှင့် အရည်အသွေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုတို့အတွက် အလွန်အရေးကြီးကြောင်း၊ ကုန်စည်အမျိုးအစားအလိုက် စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စနစ်တကျထုပ်ပိုးကြရကြောင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တွဲဖက် အထွေထွေအတွင်းရေးမှူး(၁) ဦးထွန်းထွန်းက ပြောကြားသည်။

"MSMEလုပ်ငန်းတွေအတွက် ရည်ရွယ်ပြီးကိုယ်ပိုင် ဒီဇိုင်းတွေနဲ့ ထုပ်ပိုးမှုအဆင့်မြှင့်တင်နိုင်ဖို့ ပါကင်ဝိတ်စက်တွေကို ထုတ်လုပ်ထားတာပါ၊ လိုအပ်တဲ့ပစ္စည်း အနည်းငယ်ကိုသာ ပြည်ပကမှာယူပြီး ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့အတွက် ဈေးနှုန်းအများကြီး သက်သာပါတယ်။ စားသောက်ကုန်လုပ်ငန်းအတွက် အမှုန့်နဲ့ အရည်တွေ ထည့်သွင်းဖို့ သင့်လျော်တဲ့ထုပ်ပိုးမှုစနစ်တွေကို စီစဉ်ပေးထားပါတယ်" ဟု Master Pack Myanmar ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကိုဇော်က ပြောသည်။

အဆိုပါ ပါကင်ဝိတ်စက်များသည် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်သည့်အတွက် ပြုပြင်ထိန်းသိမ်းရာတွင်လည်း အခက်အခဲမရှိဘဲ ပြည်ပမှ မှာယူတင်သွင်းသည့် စက်များနည်းတူ အရည်အသွေးကောင်းမွန်ပြီး နိုင်ငံခြားငွေစီးဆင်းမှုကိုလည်း လျော့ချနိုင်သည်။ စက်များကို လေ့လာလိုပါ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ရှင်းခန့်အောင်**




## ❍ အားအလွန်ကောင်းသောမှ

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်-အနောက်မြောက်ဘက်ရေပြင် ၅၆၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏တောင်-အရှေ့တောင်ဘက် ရေပြင် ၁၁၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေပြင် ၁၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။




၂၇-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"(ARNAB) လမ်းကြောင်းပြမြေပုံ။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

**အားအလွန်ကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "အာနာဘ်"၏ တည်နေရာ၊ ဗဟို ချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျ ၁၆ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျ ၈၄ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၈၀ မှ ၈၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားအလွန်ကောင်းသောဆိုင်ကလုန်း မုန်တိုင်း "အာနာဘ်"၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ အောက်တိုဘာ ၂၉ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနှီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလွှမ်းမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဧလ**

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**သီဆိုယှဉ်ပြိုင်**

ယနေ့တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူချွန်လူကောင်း”(ကိုအုံကြီး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့မှုမှန်”(ကိုတင်အောင်သန်း) သီချင်းဖြင့်လည်းကောင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းပြည်ချစ်စိတ်ကိုပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံနေအသံထား၊ အသံအနိမ့်အမြင့် စည်းဝါးမှန်ကန်မှု၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရွှင်နန်းမ၌ ကျင်းပရာ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ဖိုင်ဝါးတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ခုံးအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားအကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု ရွှေဟာသံယိမ်းအကအဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု တောင်ရိုးတိုင်းရင်းသားအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မိုးဇောဗျောအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပျိုတို့ရုံဖွေကျေးလက်မြေ ယိမ်းအကအဖွဲ့၊ မန္တလေး တိုင်းဒေသကြီး ကိုယ်စားပြု မြန်မာ့အလှကျေးလက်ဘဝ ယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ကျေးရွာဓလေ့ ပျော်မွေ့ဖွယ်ရာကျေးလက် ယိမ်းအကအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဖွံ့ဖြိုးဝေစည်ဧရာဝတီသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိလေ့ကျင့်ရေးဓာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သမ္မောဒမာနဓာတ်”ဖြင့် ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဓာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သာရကာကျေး” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “တောတောင်စွယ်” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဟေမဝန်ချာ” (ဘွဲ့)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိန်ငွေလျှံ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်တီးခတ်ကြသည်။

စောင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အောင်မြေသာစံ” (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စုံသာမြိုင်လယ်” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေနန်းအောင်ချာ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၇ သို့ ○



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း “အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်သန့် သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မင်းခေတ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❍ စာမျက်နှာ ၆ မှ

"ညဉ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသောအသံများကို စည်းနှင့်ဝါးမှန်ကန်စွာဖြင့် သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဂီတာ အတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုံပမာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းခြင်းမင်္ဂလာ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္ဓေဆန်းလန်းစီစီ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်း အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုံပမာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းခြင်းမင်္ဂလာ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္ဓေဆန်းလန်းစီစီ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြပြီး ယနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများအားလုံး ပြီးဆုံးပြီဖြစ်သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြို့တော်အေးမင်း (ခ) ဦးအေးတင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ကွက်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဇော်မျိုးဝင်း ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကြည်ခိုင် ယှဉ်ပြိုင်စဉ်။



"အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ဇွဲညီထွန်း(ခ)သန်းဇော်ငြိမ်း ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးကျော်မင်းခန့် ယှဉ်ပြိုင်စဉ်။

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။


















# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ပုံရိပ်များ



























# အခုလိုမျိုး ရခိုင်တိုင်းရင်းသား ယိမ်းအကတွေ၊ ရခိုင်ပြည်နယ်မှာ ထင်ရှားတဲ့ စေတီပုထိုးအကြောင်းတွေကို အများပြည်သူသိအောင် ဝေမျှခွင့်ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်၊ လာရောက်ဖျော်ဖြေရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူရပါတယ်

**ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့**

နေပြည်တော် အောက်တိုဘာ ၂၇

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ
လင်းသူရ



ပေါက်ကျော်မ



ရဲလင်းဗိုလ်



မောင်ဇွဲပြည့်စုံ



မောင်မျိုးမင်းခန့်

**ပေါက်ကျော်မ**

**ဝါသနာရှင်အဆင့်(ပထမတန်း) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဝင်**

**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်မအနေနဲ့ အကြိမ်များစွာ ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတံဆိပ် ရတာက ၄၀ ကျော်လောက်ရှိပါတယ်။ ကျွန်မအနေနဲ့က ဆုတံဆိပ် ဆိုတာထက် အခုနောက်ပိုင်းမှာ လူငယ်မျိုးဆက်သစ်တွေ များများ ပေါ်ထွန်းလာစေချင်တဲ့အတွက် ဒီပြိုင်ပွဲကြီးကို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အခုခေတ်က အင်တာနက်ခေတ်ဆိုတော့ လူငယ်တွေအနေနဲ့ စိတ်ဝင်စားတယ်ဆိုရင် လူမှုကွန်ရက်စာမျက်နှာ ပေါ်ကနေလည်း ဒီပညာရပ်တွေလေ့လာလို့ရအောင် ပညာရှင်တွေက လက်ဆင့်ကမ်းပို့ချပေးနေသလို အနီးကပ်လက်တွေ့လည်း သင်ကြား ပို့ချပေးနေကြတာကို တွေ့ရပါတယ်။ ဒီလိုတွေ တွေ့ရမြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မအနေနဲ့လည်း တတ်မြောက်ထားတဲ့ ပညာရပ်တွေကို မျှဝေပေးနေတာတွေရှိပါတယ်။ အပြင်မှာ ဗလာဆိုင်းနဲ့ အသက်မွေးဝမ်းကျောင်းလည်းပြုနေပါတယ်။ ကိုယ့်ရိုးရာ ကိုယ့်ယဉ်ကျေး မှုအမွေအနှစ်တွေကို နိုင်ငံတော်အနေနဲ့ နှစ်စဉ်ဖော်ထုတ်ပေးသရွေ့ ကျွန်မတို့နေနဲ့လည်း ကိုယ်တတ်တဲ့ပညာလေးတွေနဲ့ ဆက်လက် ထိန်းသိမ်းသွားပါမယ်လို့ ပြောပါရစေ။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**မဟာရန်ကုန် ရဲလင်းဗိုလ်**

**ဝါသနာရှင်အဆင့်(ပထမတန်း)ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဝင်**

**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အကြိမ်ရေများစွာ ယှဉ်ပြိုင်ဖူးပါတယ်။ ပတ္တလား၊ ဆိုင်းတစ်ဦးချင်း၊ ကွက်စိပ်ပုံပိုးဆိုင်း အများကြီးပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲ တိုင်းမှာလည်း ဆုတံဆိပ်တွေ အမြဲရရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိုင်းပညာကို တပည့်တွေများစွာမွေးထုတ်ခဲ့ပါပြီ။ နာမည်ကျော် ရွှေတံဆိပ်ဆုရှင်တွေလည်းပါပါတယ်။ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ တို့ရဲ့ ရိုးရာအစစ်အမှန်ဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို အထူးပင်ဂါရဝပြုကျေးဇူးတင် ပါတယ်ခင်ဗျာ။ လာမယ့်နှစ်တွေမှာလည်း ဒီနှစ်လိုပဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပပေးပါလို့ ဦးညွှတ်တောင်းပန်အပ်ပါ တယ်။

**မောင်ဇွဲပြည့်စုံ**

**ကွက်စိပ်ပြိုင်ပွဲဝင် (ရခိုင်ပြည်နယ်ကိုယ်စားပြု)**

ကျွန်တော်ငယ်ငယ်ကတည်းက နောက်ပိုင်းဇာတ်တော်ကြီး ကတာတွေ အလွန်သဘောကျတဲ့အတွက် ဆိုင်ဗြောကိုပိုင်နိုင်ချင်လို့ ကွက်စိပ်ကို လေ့လာဖြစ်တာပါ။ ဘဘဦးစိန်အောင်မင်းတို့ရွှေမန်းတင်မောင် တို့ရဲ့ ဆိုင်ဗြောဟန်တွေကို နားရည်လည်းဝတယ်။ ပြီးတော့ ဆရာတွေ ကလည်း သင်ကြားပေးတာတွေလည်းရှိပါတယ်။ အများကြီးကြိုးစား အားထုတ်ရတာပေါ့။ ငါးရှဉ်းဆယ်နှိပ်တော်ထဲက ဘုရားလောင်း ငုံးမင်းရဲ့ သမ္မောဒမာနဇာတ်တော်နဲ့ပြိုင်တာပါ။ ကွက်စိပ်ကိုတော့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာပါ။ အရင်နှစ်နှစ်လောက်တုန်း က အဆင့်မြင့်ပညာအဆင့် အကပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင် ဖူးပါတယ်။ ဆုတော့မရရှိခဲ့ပါဘူး။ ဒီလိုပြိုင်ပွဲကြီးတွေ ကျင်းပခြင်း အားဖြင့် အနုပညာရှင်တွေ များစွာမွေးထုတ်ပေးတဲ့တွက် အများကြီး ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မောင်မျိုးမင်းခန့်**

**ဝါသနာရှင်အဆင့်(ပထမတန်း)ပတ္တလားအတီးပြိုင်ပွဲဝင်**

**မွန်ပြည်နယ်ကိုယ်စားပြု**

ဝါသနာရှင်ပထမတန်းပြိုင်တာကတော့ ဒါကပထမဆုံးအကြိမ် ပါ။ အဆင့်မြင့်ပညာအဆင့်မှာ ပြိုင်ခဲ့တုန်းက ရွှေတံဆိပ်နှစ်ခုရခဲ့ဖူးပါ တယ်။ ပြိုင်ပွဲအတွက် ပြဌာန်းသီချင်းက ရုစ်ပုဒ်နဲ့ လေ့ကျင့်ခဲ့တယ်။ အောင်မင်္ဂလာ(ယိုးဒယား)သီချင်းနဲ့ယှဉ်ပြိုင်ခဲ့တယ်။ စိတ်တိုင်းတော့ မကျခဲ့ဘူး။ အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။

ပတ္တလားအတီးပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ပြိုင်ပွဲဝင် ရှစ်ယောက်ပါ။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ပွဲတွေ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ပေးစေချင်ပါတယ်ခင်ဗျာ။

**ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့**

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ**

ကျွန်မတို့အဖွဲ့ကို ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ဆရာဆရာမ တွေ၊ အခြေခံပညာကျောင်းသား ကျောင်းသူတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကျွန်မတို့ နှစ်လလောက်လေ့ကျင့်ခဲ့ပါတယ်။ အခုလိုမျိုး ရခိုင်တိုင်းရင်းသားယိမ်းအကတွေ၊ ရခိုင်ပြည်နယ်မှာ ထင်ရှားတဲ့ စေတီ ပုထိုးအကြောင်းတွေကို အများပြည်သူသိအောင် ဝေမျှခွင့်ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။ လာရောက်ဖျော်ဖြေရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူရပါတယ်။

**ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့**

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ**

ကျွန်တော်တို့အဖွဲ့ကို ကယားပြည်နယ်ထဲမှာရှိတဲ့ ကျောင်းပေါင်းစု က ကျောင်းသားကျောင်းသူတွေနဲ့ ဖွဲ့စည်းထားပြီး တစ်လကျော်လောက် လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ထဲမှာတော့ ကျောင်းပွဲတွေမှာ ကပြဖျော်ဖြေတာရှိပါတယ်။ ဒီလိုနေပြည်တော်မှာတော့ အခုမှပထမဆုံး လာရောက်ဖျော်ဖြေဖူးတာဖြစ်ပါတယ်။ နေပြည်တော်ကို လာရောက် ဖျော်ဖြေရတာကြောင့် အလွန်စိတ်လှုပ်ရှားသလို အလွန်လည်းပျော်ပါ တယ်။ ကယားပြည်နယ်က တောင်ပေါ်မြို့ဖြစ်လို့ အလွန်အေးပေမယ့် ဒီမှာတော့ အတော်လေးပူတာကလွဲရင် အစစအရာရာ အဆင်ပြေပါတယ်။



ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့။



ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်ခမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ် များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှား စေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက် များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများ က PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိ ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်း သည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အခွန်ဆိုင်ရာ အယူခံခြင်းမှသည် တရားမျှတမှုဆီသို့

**အခွန်ငွေများကို မှန်မှန်ကန်ကန် အပြည့်အဝကောက်ခံရရှိရေးသည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာ အသုံးစရိတ်များ၊ အခြေခံအဆောက်အအုံများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပေသည်။**

ဒေါက်တာအိလိုင်းသက်ဇာ

၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အခွန်ထမ်းငွေများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် အကျိုးရှိရှိ အသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများ အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက် အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏မျက်နှာကို ကြည့်ရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့ပါသည်။ အခွန်ငွေနှင့်စပ်လျဉ်း၍ နိုင်ငံသား၊ အခွန်ထမ်းများ၏အခန်းကဏ္ဍကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားကြရန် မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်ဘက်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ စည်းကြပ်ကောက်ခံပြီး လိုအပ်သောနေရာများတွင် အကျိုးရှိရှိအသုံးချရန် လိုအပ်သကဲ့သို့ အခွန်ထမ်းများဘက်တွင်လည်း မိမိပေးဆောင်ရမည့် အခွန်များနှင့်စပ်လျဉ်း၍ မှန်ကန်စွာ နားလည်သိရှိနိုင်ခွင့်၊ ပေးဆောင်လိုက်ရသည့် အခွန်အပေါ် ကျေနပ်လက်ခံခွင့်၊ ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်တို့ရရှိရန် လိုအပ်မည်ဖြစ်ပါသည်။

အခွန်အကောက်ဆိုင်ရာဥပဒေများနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် အခွန်ကောက်ခံသူဌာန၊ အဖွဲ့အစည်းများနှင့် နိုင်ငံသား၊ အခွန်ထမ်းတို့အကြား နားလည်မှုလွဲမှားခြင်းများ၊ အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ အယူအဆ သဘောထားကွဲလွဲမှုများ၊ ပို့ကုန်သွင်းကုန် သတ်မှတ်ချက်များအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည်။ ထိုအငြင်းပွားမှုများကို ဥပဒေနှင့်အညီ မှန်ကန်မျှတစွာဖြေရှင်းပေးနိုင်သည့် ကောင်းမွန်သော အခွန်အယူခံစနစ်တစ်ရပ် ခိုင်မာစွာတည်ဆောက်နိုင်ရန်လိုအပ်ပါသည်။ ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်က ခေတ်စနစ်နှင့်အညီ အခွန်အယူခံရုံးများကို ဖွဲ့စည်းတည်ထောင်ပြီး အခွန်ထမ်းတို့၏ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်များ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကို ပြန်လည်တင်ပြလိုပါသည်။

### အခွန်အယူခံခုံအဖွဲ့၏နောက်ခံသမိုင်း

အခွန်အယူခံခြင်းနှင့်စပ်လျဉ်း၍ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံအမြတ်တော်ခွန် (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၅ - က အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်သုံးဦးတို့ဖြင့် အမြတ်တော်ခွန်အယူခံခုံရုံးကို စတင်ဖွဲ့စည်းပြီး အမြတ်ခွန်အယူခံမှုများကိုကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် (၁-၁၀-၁၉၇၂) ရက်နေ့မှစ၍ ခုံအဖွဲ့ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်လေးဦးဖြင့် အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန် အယူခံမှုများသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်၊ ဟိုတယ်နှင့် ပျော်ပွဲစားရုံခွန်၊ ပွဲခွန် စသော အခွန်အကောက်ဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် တရားရုံးချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားသည့်လွှဲအပ်မှုများကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ခဲ့ပါသည်။ ယခင် အမြတ်ခွန် အယူခံခုံရုံးကို အခွန်အယူခံခုံအဖွဲ့ဟူ၍ ပြောင်းလဲသတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၉၇၆ ခုနှစ်၊ အမြတ်ခွန် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ ဝန်ကြီးအဖွဲ့၏ (၁၁-၁၂-၁၉၇၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁)ဖြင့် လည်းကောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၈-၇-၁၉၈၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၈၉)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၁-၅-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇)ဖြင့် လည်းကောင်း အခွန်အယူခံခုံအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အမှုများအား ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ကြပါသည်။

> **"အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းသောအမှုများတွင် အချို့သောအမှုကိစ္စများသည် ပစ္စည်း၊ ငွေကြေးနစ်နာဆုံးရှုံးခြင်းအတွက် တရားမျှတမှု အခွင့်အရေးရယူလိုခြင်း သက်သက်မဟုတ်ဘဲ အခွန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်းသည့် မိမိတို့၏ဂုဏ်သိက္ခာအတွက် ခုခံချေပတင်ပြတောင်းဆိုမှုများဖြစ်ကြသည်ကို ထူးခြားစွာတွေ့မြင်ရပါသည်။ ထို့ကြောင့်လည်း အခွန်အယူခံခုံအဖွဲ့အနေဖြင့် အခွန်ဆိုင်ရာအမှုကိစ္စများဆုံးဖြတ်ရာတွင် အမှုကြောင်းခြင်းရာများကို အလေးအနက်ထား၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ကြရပါသည်။ တန်ဖိုးကြီးမားသော အခွန်အကောက်ပမာဏများနည်းတူ အစဉ်အလာမြင့်မားသော စီးပွားရေးလုပ်ငန်းများ၏ ဂုဏ်သိက္ခာကိုလည်း အလေးထား၍ ဥပဒေနှင့်အညီ တရားမျှတမှုအခွင့်အရေးများရရှိစေရန် ဂရုတစိုက် စိစစ်ဆုံးဖြတ်ဆောင်ရွက်"**

### အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းခြင်း

နိုင်ငံတော်အခေအဖြင့် ထိရောက်သည့် အခွန်စီမံခန့်ခွဲမှုယန္တရားတစ်ရပ် အခိုင်အမာဖြစ်ပေါ်လာရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ငွေများပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများရရှိစေရေးအတွက် လည်းကောင်း၊ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်များရရှိစေရေး အတွက်လည်းကောင်း ပွင့်လင်းမြင်သာသည့် အခွန်အယူခံစနစ်တစ်ရပ်ကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာသောအခါ ပုဒ်မ ၉၆ ကို ရည်ညွှန်းလျက် ဇယား (၁) တွင် ဖော်ပြထားသည့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ် ၃၊ အပိုဒ်ခွဲ (၃) ပါ "အခွန် အယူခံခြင်း" ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အယူခံခုံအဖွဲ့ဥပဒေကို (၁-၈-၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၃ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ထိုသို့ အတည်ပြုပြဋ္ဌာန်းခဲ့သည့် အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များ၌ ဖော်ပြထားသော ပြည်ထောင်စုဝန်ကြီးဌာနအမည်အား ပြင်ဆင်ရန် လိုအပ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့ကို ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်ရန်လိုအပ်ခြင်း၊ ခုံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ခြင်း၊ ခုံအဖွဲ့၏လုပ်ပိုင်ခွင့်များတွင် အရေးပါဆုံးဖြစ်သည့် စီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်ရန်လိုအပ်ခြင်း၊ စကားရပ်အချို့နှင့်စပ်လျဉ်း၍ ဥပဒေနှင့် နည်းဥပဒေတို့တွင် ညီညွတ်မှုဖြစ်စေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း၊ အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ကို ရှင်းလင်းစွာပေါ်လွင်စေရေးအတွက် ပြင်ဆင်ရန် လိုအပ်လာခြင်းတို့ကြောင့် ယင်းဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် **အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို (၂၆-၂-၂၀၂၆) ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၉/၂၀၂၆ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ယခင် အခွန်အယူခံခုံအဖွဲ့ဥပဒေပေါ် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို (၂၇-၉-၂၀၁၉) ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄၁/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ ထုတ်ပြန်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား (၄-၅-၂၀၂၁) ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်တွင် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်၍ ပြင်ဆင်သည့်ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

### ခုံအဖွဲ့၏အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များ

အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄ အရ ခုံအဖွဲ့ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့်သက်ဆိုင်သည့် နယ်ပယ်များတွင် ညွှန်ကြားရေးမှူးအဆင့်နှင့်အထက် ရာထူးရှိပြီး အရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် အစိုးရအဖွဲ့က ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ အဖွဲ့ဝင်များ စုစုပေါင်း ငါးဦးမှ ကိုးဦးအထိပါဝင်သည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန်ဖြစ်ပါသည်။ ၂၂-၆-၂၀၂၀ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့၏ ပထမသက်တမ်း ကုန်လွန်ခဲ့ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၆-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၅ ဖြင့် ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခုနှစ်ဦးပါဝင်သော ခုံအဖွဲ့သည် လက်ရှိ အခွန်အယူခံခုံအဖွဲ့၏ တာဝန်များကို ဒုတိယသက်တမ်း အဖြစ် ဆက်လက်ထမ်းဆောင်လျက်ရှိပါသည်။

ခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို စိစစ်လက်ခံကြားနာ၍ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါသည်။ ခုံအဖွဲ့သို့ အမှုများတင်သွင်းရာတွင် သက်ဆိုင်ရာအမှုအလိုက် သတ်မှတ်ထားသော လျှောက်လွှာပုံစံများဖြင့် ဖြည့်စွက်လျှောက်ထားကြရပါသည်။ လျှောက်လွှာပုံစံများကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများတွင် နောက်ဆက်တွဲပုံစံများဖြင့် ဖော်ပြထားပြီး ခုံအဖွဲ့၏ ဝက်ဘ်ဆိုက်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ လိုအပ်ပါက နေပြည်တော် ဥက္ကဋ္ဌရသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်း၏ မြောက်ဘက်၊ ရုံးအမှတ် (၅၇) အခွန် အယူခံခုံအဖွဲ့ရုံးရှိ မှတ်ပုံတင်အရာရှိထံ ကိုယ်တိုင်လာရောက် တောင်းခံရယူနိုင်ပါသည်။

ခုံအဖွဲ့သို့ အမှုများလျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိစေရန် သတိပြုဆောင်ရွက်ရပါမည်။ အမှုများတင်သွင်းကြရာတွင် တစ်ပြေးညီဖြစ်စေရေးနှင့် စနစ်တကျဖြစ်စေရေးအတွက် သတ်မှတ်ထုတ်ပြန်ထားသော အခွန်အယူခံခုံအဖွဲ့၏ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အမှုသည်က အခွင့်ရကိုယ်စားလှယ် လွှဲအပ်၍ အမှုလျှောက်ထားရာတွင် ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ခုံအဖွဲ့၏ ၁၃-၂-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့်လည်းကောင်း၊ အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း မထုတ်ပြန်မီ လျှောက်ထားသူက ထပ်မံဖြည့်စွက် လျှောက်ထားချက် တင်ပြလိုပါက လျှောက်ထားရမည့်ပုံစံနှင့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းက လွှဲအပ်သောကိုယ်စားလှယ်လွှဲစာပုံစံ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာပုံစံ၊ ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားသည့် ပုံစံများကို အခွန်အယူခံခုံအဖွဲ့၏ ၂၅-၈-၂၀၂၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ ဖြင့်လည်းကောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ထားပါသည်။

လျှောက်ထားတင်သွင်းသည့် အမှုများနှင့် စပ်လျဉ်း၍လည်း တည်ဆဲဥပဒေများနှင့်ညီညွတ်စေရန် ခုံအဖွဲ့က ညွှန်ကြားချက်များ ထုတ်ပြန်ထားပါသည်။ ဥပမာ-အယူခံမှုတွင် ခုံအဖွဲ့ကခွဲမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်မှုဖွင့်လှစ်ဆောင်ရွက်ပေးပါရန် လျှောက်ထားရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရေးအတွက် လျှောက်ထားသူများ သိရှိလိုက်နာရမည့်အချက်များကို အခွန်အယူခံခုံအဖွဲ့၏ ၂၆-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂/၂၀၂၃) ဖြင့် ထုတ်ပြန်ထားပါသည်။ နိုင်ငံသား၊ အခွန်ထမ်းများအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မှန်ကန်မျှတသော အခွင့်အရေးများ ရရှိစေရေး၊ ဥပဒေနှင့်မညီသော လျှောက်ထားမှုများ ဖြစ်ပါက လျှောက်ထားချက်ကို ငြင်းပယ်ခံရမည်ဖြစ်၍ မလိုအပ်ဘဲ အချိန်နှင့် ငွေကြေးကုန်ကျမှုများ မဖြစ်ပေါ်စေရေးအတွက် ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ညွှန်ကြားချက်များ ထုတ်ပြန်အသိပေးရခြင်းဖြစ်ပါသည်။ ယင်းအဖိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ခုံအဖွဲ့၏ ဝက်ဘ်ဆိုက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတို့တွင် ထည့်သွင်းဖော်ပြထားပါသည်။

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

**နိုင်ငံသား၊ အခွန်ထမ်းများ၏**
**တာဝန်နှင့် အခွင့်အရေးများ**

အခွန်ထမ်းတစ်ဦးသည် နိုင်ငံသားကောင်းပီသစွာဖြင့် မိမိဆန္ဒအလျောက် အခွန်ပေးဆောင်ရန် တာဝန်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေအရ ခွင့်ပြုထားသည့် အခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။ နိုင်ငံသား၊ အခွန်ထမ်းများသည် မိမိအား စည်းကြပ်ကောက်ခံသည့် အခွန်အကောက်များ အပေါ် ဥပဒေနှင့်အညီ မှန်ကန်မှုရှိ၊ မရှိ၊ တန်းတူညီမျှမှုရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် အခွင့်အရေးများ ရရှိစေရမည်ဖြစ်ပါသည်။ ထိုအချက်သည် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုစနစ်၏ တိကျစွာသတ်မှတ်ထားသော စံတန်ဖိုးတစ်ရပ်ပင်ဖြစ်ပါသည်။

အခွန်ထမ်းများအနေဖြင့် အခွန်အယူခံပိုင်ခွင့် အခွင့်အရေးကို ရယူအသုံးပြုလိုပါက အခွန်အယူခံခုံအဖွဲ့ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ဆိုင်ရာအယူခံသည့် ကိစ္စရပ်များကို အခွန်အယူခံခုံအဖွဲ့ဥပဒေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၁ တွင် ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ကောက်ခံသည့် အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများနှင့်သက်ဆိုင်သော အဓိန်များ၊ ဆုံးဖြတ်ချက်များအပေါ် အယူခံလိုပါက အခွန်အယူခံခုံအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားကြရန်သာဖြစ်ပါသည်။ အမှုကြောင်းခြင်းရာပြဿနာနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါသည်။

**တရားမျှတမှုဆီသို့**

"တရားမျှတမှု" ဆိုသည်မှာ ကျင့်ဝတ်သိက္ခာကို အခြေခံ၍ သန့်ရှင်းဖြူစင်သည့်စိတ်ဓာတ်ဖြင့် မှန်ကန်ခြင်းကို ဦးတည်ဖော်ဆောင်ပေးသော လောကပါလတရားပင်ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့က အမှုများကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများဘက်ကိုသာ အလေးတင်းရပ်တည်ပေးခြင်းမဟုတ်သကဲ့သို့ နိုင်ငံတော်၏ အခွန်ကောက်ခံသူဌာန၊ အဖွဲ့အစည်းများဘက်ကိုသာ အလေးပေး ဆောင်ရွက်ခြင်းမျိုးလည်း မဟုတ်ပေ။ အခွန်အယူခံခုံအဖွဲ့သည် အငြင်းပွားမှုများနှင့်သက်ဆိုင်သည့် အချက်အလက်နှင့် အထောက်အထားများကို အဂတိတရားကင်းရှင်းစွာ စိစစ်၍ သက်ဆိုင်ရာ အခွန်အကောက်ဥပဒေများ၊ တည်ဆဲဥပဒေများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ပြခြင်း၊ နိုင်ငံသား၊ အခွန်ထမ်းများ၏ တရားဝင် အခွင့်အရေးများကို ဥပဒေအရ ကာကွယ်ပေးခြင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ဆုံးရှုံးမှုမရှိစေခြင်း စသည့် သင့်လျော်သော ဟန်ချက်ညီမှုကို ထိန်းညှိဖော်ဆောင်ပေးနိုင်သည့် အရေးပါသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည်တင်သွင်းလျှောက်ထားလာသော အမှုများကို ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်ရာတွင် ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် **"အရှုံးအနိုင်"** သဘောမျိုး ဦးတည်သတ်မှတ်ဆုံးဖြတ်ခြင်း မဟုတ်ပါ။ **တရားမျှတမှုနှင့် မှန်ကန်မှုကို** အခြေပြု ဆုံးဖြတ်ပေးခြင်းဖြစ်ပါသည်။ အခွန်များကို တာဝန်ယူကောက်ခံသည့်ဌာန၊ အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အဓိန်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ယင်းအချက်ကို ဖော်ပြလျက် လျှောက်ထားသူ နိုင်ငံသား၊ အခွန်ထမ်းများအား ညွှန်ပြအသိပေးခြင်းဖြင့် ဥပဒေနှင့်ညီညွတ်သော အခွန်စီမံခန့်ခွဲမှုကို ပေါ်လွင်ထင်ရှားစေပါသည်။ စိစစ်တွေ့ရှိချက်များအရ ဥပဒေနှင့်အညီ အခွန်များ ပေးဆောင်ရာတွင် နိုင်ငံသား၊ အခွန်ထမ်းများ၏ နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ကြောင်း ထင်ရှားတွေ့ရှိရပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် တည့်မတ်ပေးခြင်းဖြင့် မျှတမှုအခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

တစ်နည်းအားဖြင့် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုကို ဖြစ်ပေါ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုရရှိစေရန် ဦးတည်လျက် အခွန်အယူခံခုံအဖွဲ့အနေဖြင့် အမှုများကို မြန်ဆန်၊ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက် အမိန့်များကို အများပြည်သူလေ့လာနိုင်ရန် အခွန် အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးခြင်းဖြင့် အခွန်အယူခံစနစ်၏ ပွင့်လင်းမြင်သာမှုကို ထင်လင်းစေပြီး နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှုကို တိုးမြှင့်စေနိုင်မည်ဖြစ်ပါသည်။ အခွန်ဆိုင်ရာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာသည့်အခါတွင်လည်း မည်သည့်ဥပဒေအရ မည်သူ့ထံ မည်သို့တင်ပြရမည်၊ မည်သည့်အထောက်အထားများကို ရှာဖွေပူးတွဲတင်ပြသင့်သည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်မည်ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းသောအမှုများတွင် အချို့သောအမှုကိစ္စများသည် ပစ္စည်း၊ ငွေကြေး နစ်နာဆုံးရှုံးခြင်းအတွက် တရားမျှတမှု အခွင့်အရေး ရယူလိုခြင်းသက်သက်မဟုတ်ဘဲ အခွန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်းသည့် မိမိတို့၏ဂုဏ်သိက္ခာအတွက် ခုခံချေပ တင်ပြတောင်းဆိုမှုများဖြစ်ကြသည်ကို ထူးခြားစွာ တွေ့မြင်ရပါသည်။ ထို့ကြောင့်လည်း အခွန်အယူခံခုံအဖွဲ့အနေဖြင့် အခွန်ဆိုင်ရာအမှုကိစ္စများဆုံးဖြတ်ရာတွင် အမှုကြောင်းခြင်းရာများကို အလေးအနက်ထား၍ ဆင်ခြင်သုံးသပ် ဆောင်ရွက်ကြရပါသည်။ တန်ဖိုးကြီးမားသော အခွန်အကောက် ပမာဏများနည်းတူ အစဉ်အလာဖြင့်မားသော စီးပွားရေးလုပ်ငန်းများ၏ ဂုဏ်သိက္ခာကိုလည်း အလေးထား၍ ဥပဒေနှင့်အညီ တရားမျှတမှုအခွင့် အရေးများရရှိစေရန် ဂရုတစိုက် စီစစ်ဆုံးဖြတ် ဆောင်ရွက်ရပါသည်။

**အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏**
**ပွင့်ဆောင်ချက်များ**

ခုံအဖွဲ့၏ရုံးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အခွန်အယူခံ ခုံအဖွဲ့ရုံးကို တည်ထောင်ထားရှိပါသည်။ အခွန် အယူခံခုံအဖွဲ့အုံးသည် နိုင်ငံသား၊ အခွန်ထမ်းများ နိုင်ငံစေရန်နှင့် ခုံအဖွဲ့က အခွန်ဆိုင်ရာအမှုများအပေါ် အချိန်မီ၊ စနစ်တကျ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက် ရာတွင် ခုံအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အမှု တင်သွင်းလျှောက်ထားချက်များကို လက်ခံရရှိသည့် အချိန်မှစ၍ စီရင်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အမှုတွဲများကို အမှုမှတ်တမ်းခန်းခွဲ ထိန်းသိမ်းထားရှိခြင်းအပါအဝင် အမှုတွဲ မိတ္တူရေးကူးပေးသည့် အချိန်အထိ ရုံးလုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်ရေးဆွဲ၍ စနစ်တကျ ဆောင်ရွက် လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးသည် ခုံအဖွဲ့၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ အခွန်အယူခံ ခုံအဖွဲ့အမည်ဖြင့် ဖေ့ဘွတ်စာမျက်နှာကို ၁-၉-၂၀၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အခွန်အယူခံ ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ လုပ်ငန်းဆောင်ရွက်ချက် များ၊ လူပ်ရှားမှုများကို သတင်းအချက်အလက် နည်းပညာများ အသုံးချဆောင်ရွက်လျက် အများ ပြည်သူများသိရှိနိုင်စေရန် လွှင့်တင်ဖော်ပြနိုင်ခဲ့ပါ သည်။ အခွန်အယူခံမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် ဆက်စပ်ဌာန/ အဖွဲ့အစည်းများ၏ သတင်းအချက် အလက်များအား သက်ဆိုင်ရာ အမှုသည်များနှင့် အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အတွက် အခွန်အယူခံခုံအဖွဲ့၏ကိုယ်ပိုင်ဝက်ဘ်ဆိုက် ကို ၁၂-၇-၂၀၂၄ ရက်နေ့မှစတင်၍ အောင်မြင်စွာ လွှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် အခွန် အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ ရုံးတို့သည် e-Government စနစ် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး အတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အများပြည်သူသိရှိစေရန် အခွန်အယူခံ ခုံအဖွဲ့ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ဆောင်ရွက် နိုင်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးသည် ခုံအဖွဲ့က အမှုများကို ကြားနာဆုံးဖြတ်ရာတွင် အထောက်အကူအဖြစ် လေ့လာနိုင်ရန် နှစ်အလိုက် ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများကို အမှုမှတ်တမ်းခန်းတွင် စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ အမှုတွဲပါအချက်အလက် များကို ခေတ်မီနည်းပညာများအသုံးပြုလျက် ရရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရန် Case Management System (CMS) ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ထားရှိပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အများ ပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ ခုံအဖွဲ့ရုံးထံမှ ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code "1111" ဖြင့် မိမိတို့ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို SMS ပေးပို့မေးမြန်းကာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများ၊ အကြံပြုချက် များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး လွယ်လင့်တကူ အမှုများ တင်သွင်းလျှောက်ထား အစီအစဉ်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စာပေဗဟုသုတများ ပြန့်ပွားစေရေးနှင့် ဥပဒေ ဆိုင်ရာအကိုးအကားအထောက်အကူများရရှိစေရေး အတွက် အခွန်အယူခံခုံအဖွဲ့ရုံး စာကြည့်တိုက်ကို ၃-၆-၂၀၂၂ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ထို့အပြင် အခွန်အယူခံခုံအဖွဲ့က ကြားနာဆုံးဖြတ်ခဲ့သော စီရင်ချက်များအနက် ဥပဒေ ကြောင်းအရ ဖြေရှင်းရမည့်ကိစ္စရပ်များ၊ အကြောင်း ခြင်းရာဆိုင်ရာ အငြင်းပွားမှုများကို သာမန်ထက်ပို၍ အလေးအနက်ထား ဆင်ခြင်သုံးသပ်ခဲ့ရသည့် ဆုံးဖြတ်ချက်အဓိန့်များကို စီစစ်ရွေးချယ်၍ Norm စာအုပ်အဖြစ် စုစည်းမှတ်တမ်းပြုလုပ်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် နေသည့်အဖွဲ့အစည်း၊ ဌာနများဖြစ်သည်နှင့်အညီ အဂတိလိုက်စားမှုအန္တရာယ်များ ပေါ်ပေါက်မှုမရှိ စေရန် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းလမ်းများကို စီမံချက်များ ချမှတ်ဆောင်ရွက် လျက်ရှိပါသည်။ "ယုံကြည် မျှတ မှန်ကန် အခွန် အယူခံ"ဟူသော ဆောင်ပုဒ်နှင့်အညီ အဂတိတရား ကင်းစင်သောအဖွဲ့အစည်း၊ ဌာနအဖြစ် အခိုင်အမာ ရပ်တည်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ အယူခံပိုင်ခွင့်၊ ခုခံချေပခွင့်များကို အပြည့်အဝရရှိစေပြီး မှန်ကန်မျှတ၍ ဘက်လိုက်မှု မရှိဘဲ ကြားနာဆုံးဖြတ်ပေးနိုင်သော အခွန်အယူခံ ခုံအဖွဲ့၏ အစဉ်အလာကောင်းတစ်ရပ်ကို ချမှတ် ထူထောင်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက်မှာ **"ပွင့်လင်းမြင်သာပြီး မျှတမှန်ကန်သည့် အခွန် အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်အားထားမှုကို မြှင့်တင်ရန်"**ဖြစ်ပါသည်။ အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ လုပ်ငန်းတာဝန်များကို မျှော်မှန်းချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် မဟာဗျူဟာစီမံကိန်း တစ်ရပ်ကိုရေးဆွဲ၍ စဉ်ဆက်မပြတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မျှော်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းရာတွင် မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်အရပ်ရပ်ကို လမ်းပြမြေပုံအဖြစ် နှလုံးသွင်းလျက် အခွန်အယူခံ ခုံအဖွဲ့၏ဂုဏ်သတင်းကို ရရှည်လင်းလက် တောက်ပနေရန် အရှိန်မြှင့်တင်၍ အစွမ်းကုန် ဆောင်ရွက်သွားကြရန်နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထာဝစဉ်မှတ်ကျောက် တင်ခံနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွား ကြရန် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးရှိ အဆင့်ဆင့် သော ဝန်ထမ်းတို့သည် လက်တွဲညီညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း ၂၉-၁၀-၂၀၂၆ ရက်နေ့တွင် ရောက်ရှိ မည့် အခွန်အယူခံခုံအဖွဲ့ရုံး၏ နှစ်ပတ်လည်အထိမ်း အမှတ်နေ့ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- အခွန်အယူခံခုံအဖွဲ့ သမိုင်းမှတ်တမ်း
- အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေများ
- မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်း အစီအစဉ်များ (၂၀၂၆ ခုနှစ်)
- မဟာဗျူဟာအကောင်အထည်ဖော်နိုင်မှု မှတ်တမ်း (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ထိုင်းနိုင်ငံ၌ အိမ်ထောင်စုတစ်သန်းအတွက် ဆိုလာလျှပ်စစ်တပ်ဆင်ရေး ပံ့ပိုးမည့်အစီအစဉ် ဆောင်ရွက်

**ဗန်ကောက် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံသည် အိမ်ထောင်စု တစ်သန်းအတွက် ဆိုလာလျှပ်စစ်တပ်ဆင်ပေးရန် ဘတ် ၅၀ ဘီလီယံ ပံ့ပိုးပေးမည့် အစီအစဉ်တစ်ရပ်အား အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအစီအစဉ်အရ အိမ်ထောင်စုများအနေဖြင့် သုံးစွဲမည့် လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများအား အမျိုးသားလျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်မည်ဖြစ်သည်။

ဝန်ကြီးအဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် အတည်ပြုခဲ့သည့် ပြည်သူ့ဆိုလာ အစီအစဉ်အရ အစိုးရအနေဖြင့် အိမ်ထောင်စု တစ်ခုချင်းစီအား ဘတ် ၅၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်အား ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စုများ အတွက် တစ်နှစ်လျှင် မီတာခ ဘတ် ၂၄ ဒသမ ၅ ဘီလီယံကျော် လျော့ချပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် စွမ်းအင်ဆိုင်ရာ အစီအမံ တစ်ခုဖြစ်သကဲ့သို့ ဝင်ငွေတိုးပွားစေခြင်း၊ ကုန်ကျစရိတ်လျော့ချပေးခြင်း၊ စုဆောင်းငွေများ စုဆောင်းနိုင်စေခြင်းနှင့် လူနေမှုဘဝ အရည်အသွေးကို လက်တွေ့ကျကျ မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုပါ ဖြစ်ပေါ်စေမည့် အစီအမံတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် အနုတင်ချာဗီရာကူးက ယခုအစီအစဉ် စတင် ဆောင်ရွက်သည့် အခမ်းအနားတွင် ပြောကြား သည်။



ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ တောရိုင်းတိရစ္ဆာန်များကြောင့် လေယာဉ်ပျံသန်းမှုအပေါ် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ် ကိုင်တွယ်ဖြေရှင်းရေး အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်း

**ကိုလံဘို အောက်တိုဘာ ၂၇**

သီရိလင်္ကာနိုင်ငံ၌ လေယာဉ်ပျံသန်းရေးလုပ်ငန်းများအပေါ် တောရိုင်းတိရစ္ဆာန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းခြင်းကို အစိုးရက အောက်တိုဘာ ၂၇ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

နိုင်ငံတကာလေကြောင်း ဘေးကင်းရေး စည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ လေဆိပ်များနှင့် အနီးတစ်ဝိုက်တွင် တောရိုင်းတိရစ္ဆာန်များ အန္တရာယ်ပေးခြင်းကို စောင့်ကြည့်စီမံခန့်ခွဲရန် လေကြောင်း လုံခြုံရေးဆိုင်ရာ အမျိုးသားတောရိုင်း တိရစ္ဆာန်အန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဆိပ်ကမ်းနှင့် မြို့ပြလေကြောင်း သွားလာရေးဆိုင်ရာဝန်ကြီး တင်ပြခဲ့သည့် ၎င်းအဆိုပြုချက်သည် လေယာဉ်များနှင့် တောရိုင်းတိရစ္ဆာန်များ တိုက်မိနိုင်ခြေကို လျော့ချရန်အတွက် နိုင်ငံအဆင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အကြံပြုထားသည့် နိုင်ငံတကာ အရပ်ဘက်လေကြောင်း အဖွဲ့အစည်း၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီကြောင်း သိရသည်။

နိုင်ငံတကာ အရပ်ဘက်လေကြောင်း ဆိုင်ရာ ချီကာဂို သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်ခု ဖြစ်သည့် သီရိလင်္ကာနိုင်ငံသည် လေဆိပ်များအနီးတွင် တိရစ္ဆာန်များနှင့် လေယာဉ် တိုက်မိမှုများကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း၊ ဖြစ်လာနိုင်သည့် အန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ပုံမှန်အကဲဖြတ်ခြင်းဆိုင်ရာ စနစ်များ ထိန်းသိမ်းထားရန်လိုအပ်ကြောင်း သိရသည်။

တာဝန်ရှိသူများအနေဖြင့် တောရိုင်း တိရစ္ဆာန်များ လေယာဉ်များနှင့် တိုက်မိခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကိုနိုင်ငံတကာအရပ်တက်လေကြောင်း အဖွဲ့အစည်း၏ ၎င်းများနှင့် တိုက်မိမှုဆိုင်ရာ သတင်းအချက်အလက်စနစ်သို့ ပေးပို့ရမည်ဖြစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုများကိုလည်း အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းများကသာ ပြုလုပ် ဆောင်ရွက်စေရေး ကြီးကြပ်ရမည်ဖြစ်သည်။

**စောင့်ကြည့်စစ်ဆေး**

အဆိုပါကော်မတီသည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရေးနှင့် အရပ်ဘက်လေကြောင်းပျံသန်းမှုအပေါ် သက်ရောက်မှုရှိစေသည့် တောရိုင်း တိရစ္ဆာန်ဆိုင်ရာ အန္တရာယ်များ စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ချောမွေ့လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# အာဖဂန်နစ္စတန်၏ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံကျော် ရှိလာ

**ကာဘူး အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့် ခြောက်လ တာကာလအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံကျော်ရှိခဲ့ကြောင်း အထွေထွေ စာရင်းအင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံ၏အဓိကတင်သွင်းကုန်များတွင် ရေနံထွက်ပစ္စည်းများနှင့် ဆီများ၊ စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်ကိရိယာများနှင့် အပိုပစ္စည်းများ၊ သတ္တုထုတ်ကုန်များ၊ ဂျုံနှင့် ဟင်းသီးဟင်းရွက်ဆီတို့ ပါဝင်သည်။

နိုင်ငံပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များနှင့် ပြည်တွင်းသုံးစွဲမှု မြင့်မားနေချိန်တွင် အဆိုပါကုန်ပစ္စည်းများ၏ ဝယ်လိုအားကောင်းလျက်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိကပို့ကုန်များမှာ အခြောက်ခံထားသော သစ်သီးဝလံများ၊ ဆေးဖက်ဝင်အပင်များနှင့် သတ္တုတွင်းထွက်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# တရုတ်-အင်ဒိုနီးရှားကြည်းတပ် ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကွမ်တုန်း အောက်တိုဘာ ၂၇**

တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ပြုလုပ်သည့် "Sharp Knife 2026" အမည်ရှိကြည်းတပ်ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့ဝင်များသည် ထောက်လှမ်းရေး၊ ဆက်သွယ်ရေး၊ မောင်းသူမဲ့စနစ်များ၊ ချောင်းမြောင်းပစ်ခတ်မှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးလေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့သည်။ ယခုပူးတွဲလေ့ကျင့်ခန်းသည် နှစ်နိုင်ငံတပ်မတော်များအကြား တိုက်ပွဲဝင်နိုင်စွမ်းကို အလေးပေးသည့် လေ့ကျင့်ရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်သည်။ အဆိုပါလေ့ကျင့်ခန်းတွင် နှစ်ဖက်တပ်ဖွဲ့ဝင်များသည် အထူးပြုလေ့ကျင့်ခန်းများ၊ နည်းဗျူဟာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများနှင့် ဘက်စုံလေ့ကျင့်ခန်းများကို ပူးတွဲလုပ်ဆောင်ကြမည်ဖြစ်သည်။

ယခုအစီအစဉ်တွင် နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့များသည် သီးသန့်ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲများ၊ လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပြသခြင်း၊ အားကစားပြိုင်ပွဲများနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ယခု ပူးတွဲလေ့ကျင့်ခန်းသည် တောင်တန်းဒေသများတွင် ပြုလုပ်မည့် ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အဓိကထား လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ လေ့ကျင့်ခန်းများတွင် တောင်တက်ခြင်း၊ အထူးယာဉ်များ မောင်းနှင်ခြင်း၊ ရဟတ်ယာဉ်မှ ကြိုးဖြင့်ဆင်းသက်ခြင်း၊ အနီးကပ်တိုက်ခိုက်ခြင်းနှင့် လူလိုက်ပါသော စနစ်များနှင့် မောင်းသူမဲ့စနစ်များအကြား ညှိနှိုင်း ဆောင်ရွက်သည့် စစ်ဆင်ရေးများ ပါဝင်ကြောင်း တရုတ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက် အရ သိရသည်။ ယခုဆောင်ရွက်သည့် ပူးတွဲလေ့ကျင့်ခန်းသည် နှစ်နိုင်ငံတပ်မတော်များအကြား လက်တွေ့ကျသော ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေကာ နှစ်ဖက်စလုံး၏ ပူးတွဲစစ်ဆင်ရေး စွမ်းဆောင်ရည်များကို မြှင့်တင်ပေးလိမ့်မည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ ပြင်းထန်သည့် ဆောင်းရာသီ ကြုံတွေ့နိုင်

**အူလန်ဘာတာ အောက်တိုဘာ ၂၇**

မွန်ဂိုလီးယားနိုင်ငံ၏ ပိုင်နက် ၈၃ ရာခိုင်နှုန်းခန့်သည် ယခုနှစ် ဆောင်းရာသီတွင် ဇွဒ်ဟုအမည်တွင်သည့် ပြင်းထန်သည့် ဆောင်းရာသီ အခြေအနေနှင့် ကြုံတွေ့နိုင်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနက အောက်တိုဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဇွဒ်ဆိုသည်မှာ မွန်ဂိုလီးယား ဘာသာစကားဖြင့် မြေပြင်များ အေးခဲခြင်း၊ နှင်းထူထပ်စွာကျဆင်းခြင်းနှင့် စားကျက်မြေများသို့ သွားရောက်စားသောက်ရန် ခက်ခဲခြင်းကြောင့် မွေးမြူရေးတိရစ္ဆာန် အများအပြား သေဆုံးစေနိုင်သည့် ပြင်းထန်သော ရာသီဥတုအခြေအနေဟု အဓိပ္ပာယ်ရသည်။

နိုင်ငံပိုင်နက် စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းခန့်သည် ယခု ဆောင်းရာသီတွင် 'ဇွဒ်' ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ခြေ မြင့်တက်နေကြောင်း တွေ့ရှိရသည်ဟု မကြာမီက ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်တွင်ဖော်ပြထားကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရာသီဥတုဆိုင်ရာ ဘေးဖြစ်နိုင်ခြေမြင့်မားသည့် ဒေသများတွင် နိုင်ငံအနောက်ပိုင်းရှိ ဗရန်ယူဂေ၊ ယူဗတ်၊ ဇတ်ခန်း၊ ကော့ဒ်ပြည်နယ်များ၊ တောင်ပိုင်းရှိ ယူနူဂိုဗီပြည်နယ်နှင့် အလယ်ပိုင်းရှိ အာကန်ဂိုင်းနှင့် ယူကန်ဂိုင်းပြည်နယ်များ ပါဝင်ကြောင်း သိရသည်။



မွန်ဂိုလီးယား နိုင်ငံသည် ပြင်းထန်သော ကုန်းတွင်းပိုင်း ရာသီဥတုမျိုးရှိသည့် အတွက် လူသိများသည်။ အဆိုပါရာသီဥတုတွင် ဆောင်းရာသီသည် အချိန်ကြာရှည်ပြီး အလွန်အမင်း အေးခဲကာ နွေရာသီမှာမူ အချိန်တိုတောင်းလေ့ရှိသည်။

ဆင်ဟွာ

# ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဆီမီးကိုးထောင် ကပ်လှူပူဇော်

**ပုသိမ် အောက်တိုဘာ ၂၇**

ရောဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၌ ယမန်နေ့ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးကိုးထောင် ကပ်လှူပူဇော်ပွဲကို ကျင်းပသည်။

အဆိုပါ ဆီမီးကိုးထောင် ကပ်လှူပူဇော်ပွဲတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် ဧနီးတို့သည် တိုင်းဒေသကြီးလွတ်တော် ဥက္ကဋ္ဌ နှင့်ဧနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဧနီးများ၊ ဌာနဆိုင်ရာများ၊ ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးကပ်လှူပူဇော်ကြသည်။

ထို့ပြင် ပြည်သူများနှင့်အတူ ကန်သုံးဆင့်ရေပြင်တွင် ဆီမီးမွှေးပူဇော်ခဲ့ကြပြီး မြို့တော်ခန်းမရှေ့ ရှာခင်းသာရင်ပြင်၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွဲနေမှု နိုင်ငံကျော် တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြား

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၇**

ရောဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင် ဆံတော်ရှင် မဟာမကုဋရံသီ မြတ်မော်တင်စွန်း စေတီတော် မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိသည်။

**စည်ကား**

ရပ်ဝေးရပ်နီးမှ ဘုရားဖူးများသည် ကုန်းလမ်းရေလမ်းမှ သင်္ဘောများ၊ ကားများဖြင့် လာရောက်ကြပြီး ဘုရားကုန်းတော်အနီးရှိ တည်းခိုရိပ်သာများနှင့် ကုန်းတော်အောက်ရှိ ရင်ပြင်တော်ပထမထပ်အတွင်း အနားယူအပန်းဖြေကြကာ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ပင်လယ်ကမ်းခြေ၏ သဘာဝအလှများကို ကြည့်ရှုခံစားကြသည်။ ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင် နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ခြင်း၊ ကျောက်ကလပ်သို့ သွားရောက်၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားပြီး သီတင်းကျွတ် ရုံးပိတ်ရက်များတွင် နေ့ချင်းပြန်လာရောက် လည်ပတ်ကြသကဲ့သို့ ညအိပ်တည်းခိုသူများလည်းရှိကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ဟိုင်းကြီးကျွန်း)**

# ကလောမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား



**ကလော အောက်တိုဘာ ၂၇**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်) နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အတွင်းရှိ တန်ခိုးကြီးဘုရား စေတီပုထိုးများ၌ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်ကာ ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်သူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်သူများဖြင့် စည်ကားများပြား လျက်ရှိသည်။

**စည်ကားများပြား**

ကလောမြို့နယ် အတွင်းရှိ နှစ်ပေါင်း ၅၀၀ ကျော်ဖြစ်သည့် ကလောနီးဘုရားတွင် လည်းကောင်း၊ အောင်ပန်းမြို့ သိရိမင်္ဂလာအောင်ချမ်းသာ (၁၀၈)တောင်စေတီတော်မြတ်ကြီး တို့တွင် လည်းကောင်း ဘုရားဖူးကုသိုလ်ယူကြသူများဖြင့် စည်ကားများပြားလျက်ရှိပြီး ကလောမြို့နာရီစင်၊ ကလောဘူတာ၊ မောမြေဦးပန်းခြံ၊ ဗျိုက်တောင်တို့တွင် လည်း ခရီးသွားပြည်သူများဖြင့် စည်ကားများပြား လျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

# ထန်းတပင်မြို့နယ်ရှိ စည်ပင်သာဘုန်းတော်ကြီးကျောင်း ပဝါရဏာပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာ စည်ပင်သာဘုန်းတော်ကြီးကျောင်းမွေ့ရုံ၌ ပေါက်တန်းဒိတ်ကုန်း ပဝါရဏာဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသနှင့် သံဃာတော်များက သံဃာ့ ပဝါရဏာပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ ဆရာတော်ကြီးနှင့် သံဃာတော်အပါး ၇၀ ကျော်တို့အား လှူဖွယ်ဝတ္ထုဆက်ကပ်ခြင်း၊ သိမ်ဆင်းလောင်းလှူခြင်း၊ ရေစက်ချအမျှပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြင့်ဦး**

# သီတင်းကျွတ်လပြည့်ညတွင် ရွှေသောင်းယံမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ရွှေသောင်းယံ အောက်တိုဘာ ၂၇**

ရောဝတီ တိုင်းဒေသကြီး ရွှေသောင်းယံမြို့၌ သီတင်းကျွတ်လပြည့်ညတွင် မြို့ပေါ်ရှိ သာသနိက အဆောက်အအုံများ၊ ဘုရားစေတီ ပုထိုးများနှင့် ရပ်ကွက်လမ်းများအတွင်း ဆီမီးထွန်းပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သီတင်းကျွတ် လပြည့်ညတွင် ရွှေသောင်းယံမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ သင်္ခါတရားထက်သန်စွာ ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ပြုကြသည်။

ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ပြည်သူများကလည်း ရပ်ကွက်အတွင်း ကားများဖြင့် လှည့်လည်ကာ အဘိဓမ္မာအခါတော်နေ့ ဝတ်ရွတ်ပူဇော်ခြင်းများကို အေးချမ်းစွာ ပြုလုပ်ကြသည်။



ထို့ပြင် စေတနာရှင်ပြည်သူများ စုပေါင်း၍ နိမ္မာန်ဈေးပွဲတော်များကို ကျင်းပကာ မြို့ခံပြည်သူများနှင့် လာရောက်လည်ပတ်သူများအား ရိုးရာမုန့်၊ မျိုးစုံနှင့် အစားအသောက်များကို စတုဒိသာ ကျွေးမွေးလှူဒါန်း ကုသိုလ်ယူခဲ့ကြသည်။ ကလေးသူငယ်များ၊ လူငယ်များကလည်း သက်ကြီးဝါကြီး မိဘဘိုးဘွားများနှင့် ဆရာသမားများအား ပူဇော်ကန်တော့ခြင်းဖြင့် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

**ကိုကိုမောင်(ရွှေသောင်းယံ)**

## ကာတွန်း



# ပဲခူးမြို့၌ လယ်ယာသုံးစက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော် ကျင်းပ

ပဲခူး အောက်တိုဘာ ၂၇




လယ်ယာသုံး စက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော်ကို ယမန်နေ့ညပိုင်းက ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော်၌ ပဲခူးတိုင်းဒေသကြီး အတွင်းမှ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင် ၄၂ ဦး၏ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိုင်းရင်းဆေးဝါးစုစုပေါင်း အမျိုးအစား ၃၀၀ ကျော်၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သူ လုပ်ငန်းရှင် ၂၀၏ လယ်ယာလုပ်ငန်းသုံးပစ္စည်းနှင့် သဘာဝမြေသြဇာ အမျိုးအစားပေါင်း ၈၀ ကျော်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ကျောင်းသား ကျောင်းသူများ စမ်းသပ် တီထွင်ထားသည့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများ ခင်းကျင်းပြသရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ တောင်သူများ လာရောက်လေ့လာဝယ်ယူသူများနှင့် စည်ကားလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အတွင်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွဋ်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်ကျော်လင်းနှင့် တိုင်းဒေသကြီး လယ်ယာသုံး စက်မှုထုတ်ကုန်အသင်း ဥက္ကဋ္ဌ ဦးငယ်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာနှင့် ဒေသထွက်ကုန် MSMEs ဈေးရောင်းပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၃)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ခုနစ်ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေခွဲမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် သုံးပေမှ လေးပေခွဲခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် လေးပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလ ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၇)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၄)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

**(မြူအခြေအနေခန့်မှန်းချက်များကို လပတ်ခန့်မှန်းချက်များတွင် လအလိုက် ထပ်မံထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။)**

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ငါးပေမှ ခုနစ်ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၂ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ကိုးပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ရှစ်ပေမှ ကိုးပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခြောက်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေခွဲမှ လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ရှစ်ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် လေးပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခွဲခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ နွေစပါး ၅၃၇၄ ကေအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၇

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများနှင့် တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics (ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တမံသိုလှောင်ရေ ထိန်းညှိလျှော့ချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်တွင် တမံနိမ့်မြင့်မှတ်မှာ (၂၉၇ ဒသမ ၆)ပေ (သိုလှောင်ရေပမာဏ - ၅၁၁၃၉ ကေပေ)ဖြစ်ပြီး ဒီဇင်ဘာ(၁၅)ရက်မှစတင်၍ နွေစပါး ၅၃၇၄ ဧကအား စိုက်ပျိုးရေပေးဝေသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝိုလ်ဝိုလ်ကျော်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၅ ရက်နံနက်ပိုင်းက တမံအိုလျော့သည့်နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန် မိုးရေကာဖျင်များဖြင့် စနစ်တကျ အုပ်မိုးကာကွယ်ထားရှိမှု၊ ရေလှောင်တမံ ပိုမိုစိတ်ချစေရေးအတွက် တမံအခြေခံကိုတွင် မြေသားတမံဖို့၍ တမံအခြေထောက်ခြင်း၊ မြေသားတမံနှင့် ဆက်စပ်၍ ရေစစ်ကျောက်ရိုး(Rock Toe) ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ရေစစ်ကျောက်ရိုး(Rock Toe)နှင့် ချိတ်ဆက်သည့် ရေစစ်သဲလွှာလုပ်ငန်းဆောင်ရွက်ခြင်း၊ တမံရေရှည်ကြံ့ခိုင်ရေးအတွက် Geophysics(ဘူမိရူပ) နည်းပညာအသုံးပြု၍ မြေအောက်အခြေအနေများကို စစ်ဆေးနေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေး Quality Control (QC) စစ်ဆေးဆောင်ရွက်မှု၊ တမံတည်ဆောက်ရာတွင် အောက်ခံမြေသားသိပ်သည်းဆနှင့် ခံနိုင်ရည်ဝန်အား တိုင်းတာရေးအတွက် Standard Penetration Test(SPT) စမ်းသပ်ဆောင်ရွက်နေမှု၊ တမံပြန်လည်တည်ဆောက်ရာတွင် အသုံးပြုရမည့် ဖို့မြေများအတွက် မြေရယူသင့်သည့်နေရာ (Borrow)ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်သွားကြရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ တာဝန်ရှိသူများနှင့် မမြရေလှောင်တမံ ရှင်းလင်းဆောင်အစည်းအဝေးခန်းမ၌ တမံအိုလျော့ကျမှုအပေါ် လိုအပ်သည့် အချိန် လိုအပ်သလို ရေထုတ်လွှတ်နိုင်ရန် အရေးပေါ်ရေပိုလွှဲတွင် ရေတံခါးတပ်ရေပိုလွှဲ(Gated Spillway) ဒီဇိုင်းထည့်သွင်းစဉ်းစားမှု အခြေအနေများကို ပိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မမြရေလှောင်တမံ ကျောဘက်အိုလျော့ကျမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ဘူမိရူပဆိုင်ရာပိုင်းတာခြင်း၊ အင်ဂျင်နီယာ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး တွေ့ရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ တမံ၏ လက်ရှိကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို သုံးသပ်အကဲဖြတ်ခြင်း၊ နောင်ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ပြင်ဆင်နိုင်ရေး စီမံခြင်း၊ စစ်ဆေးရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအလေးထားပြီး စနစ်တကျစောင့်ကြည့်ထိန်းသိမ်းခြင်းနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို ယခုထက်ပိုမိုအရှိန်မြှင့်ပြီး စီမံဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကို အထူးအလေးထား စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၇

ရောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိုကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိုကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်း တို့ကို ယနေ့တွင်လည်း အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများရှိ ချိုန္တယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၀-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ဝိုင္ | မကွေး | ထားဝယ် | ဖုန်းဂွ | ပုသိမ် | မြစ်ကြီးနား | စစ်ကိုင် | ဘားအံ | မော်လမြိုင် | လားရှိး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၈၇၀ | ၄၈၂၀ | ၄၇၃၀ | ၄၈၅၅ | ၄၈၉၀ | ၄၉၂၅ | ၄၈၀၀ | ၅၁၁၀ | ၅၂၂၀ | ၄၈၂၀ | ၄၉၈၀ | ၄၉၁၅ | ၄၈၅၀ | ၄၈၈၀ | ၅၁၁၀ |
| 95 Ron | ၄၈၃၅ | ၄၉၉၀ | ၄၉၄၀ | ၄၈၈၀ | ၄၉၃၅ | ၅၀၁၀ | ၅၀၄၀ | ၄၉၂၀ | ၅၂၆၀ | ၅၂၄၀ | ၄၉၄၀ | ၅၀၃၅ | ၅၀၁၀ | ၄၉၃၀ | ၅၀၀၀ | ၅၂၄၀ |
| HSD (500 ppm) | ၄၄၅၅ | ၄၅၉၀ | ၄၅၄၅ | ၄၄၆၀ | ၄၅၃၅ | ၄၆၀၀ | ၄၆၂၀ | ၄၄၂၅ | - | ၄၉၀၅ | ၄၅၄၅ | ၅၁၀၀ | ၄၆၀၀ | ၄၅၉၀ | ၄၆၀၀ | ၄၈၂၀ |
| HSD (50 ppm) | ၄၅၀၅ | ၄၅၄၀ | ၄၅၀၀ | ၄၅၃၀ | ၄၅၀၅ | ၄၅၄၅ | ၄၅၅၀ | ၄၅၆၀ | ၄၅၀၀ | ၄၈၀၅ | ၄၅၀၀ | ၄၆၀၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၅၀ |
| HSD (10 ppm) | ၄၅၀၅ | ၄၅၄၀ | ၄၅၀၀ | ၄၅၃၀ | ၄၅၀၅ | ၄၅၄၅ | ၄၅၅၀ | ၄၅၆၀ | | ၄၈၀၅ | ၄၅၀၀ | ၄၆၀၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၈၆ | ၄၆၁၀ |
| 95 Ron | ၄၆၆၂ | ၄၇၂၇ |
| HSD (500 ppm) | ၄၂၄၆ | ၄၃၅၀ |
| HSD (50 ppm) | ၅၁၂၃ | ၅၂၅၆ |
| HSD (10 ppm) | ၅၁၂၃ | ၅၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# မူဆယ်မြို့၌ မီးဘေးလုံခြုံရေးစစ်ဆေး

မူဆယ် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မူဆယ်ခရိုင် မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်းသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်သုံးဆီအရောင်းဝန်ထမ်းများနှင့် ဆီဆိုင်ပိုင်ရှင်များအား စက်သုံးဆီသိုလှောင်မှုစနစ်တကျရှိစေရေး၊ မီးဘေးလုံခြုံရေးဝစ္စည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ ရေဖြင့်လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးလုံခြုံရေး ထောက်ခံချက် (FSC) လျှောက်ထားစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သီတင်းကျွတ်ကာလအခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူများ အေးချမ်းစွာ ဖူးမြော်ကြည်ညိုု ကုသိုလ်ဒါနပြု၊ သီတင်းကျွတ်မီးထွန်းပွဲတော်များ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များအနက် မွန်မြတ်ကြည်နူးဖွယ် အကောင်းဆုံးဖြစ်သည့် သီတင်းကျွတ်မီးထွန်းပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့် ကျေးလက်ဒေသအသီးသီးတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဖူးမြော်ကြည်ညိုခြင်း၊ ကုသိုလ်ဒါနပြုခြင်းများနှင့် အတူ အစဉ်အလာရိုးရာပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သက်သနဂိုရိုပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူလာသည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းပူဇော်သည့် အစဉ်အလာအတိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လမ်းတိုင်း၊ အိမ်တိုင်းတွင် ရောင်စုံဆီမီးများ၊ မီးပုံးများဖြင့် ထွန်းညှိပူဇော်ခြင်းများ၊ နိုင်ငံတစ်ဝန်းလုပတင့်တယ်သည့် သီတင်းကျွတ် ညချမ်းရှုခင်းများကို သာယာကြည်နူး ချမ်းမြေ့ဖွယ် ကျင်းပလျက်ရှိကြသည်။

**ပူဇော်ကန်တော့**

ထိုသို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း ကျင်းပလျက်ရှိရာ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်တွင်လည်း ဒဂို့ဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီ၊ ပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ဝါကျွတ်ကာလ အခါသမယအဖြစ် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖွားပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းတို့ဖြင့် ကုသိုလ်သီလ ပွားများလျက်ရှိကြသည်။

ထို့ပြင် မြန်မာတို့၏ ချစ်ဖွယ်ကောင်းသော ယဉ်ကျေးမှု အစဉ်အလာအတိုင်း မိဘ၊ ဆရာ၊ သက်ကြီးပဝါကြီး အဘိုးအဘွားများအား သွားရောက်ပူဇော်ကန်တော့ကြပြီး မေတ္တာမင်္ဂလာတရားများဖြင့် ပျော်ရွှင်စရာကောင်းသော သီတင်းကျွတ်ကာလကို ဖြတ်သန်းလျက်ရှိကြသည်။

မြို့ပြဒေသများရှိ အများပြည်သူအပန်းဖြေနေရာများ၊ ဥယျာဉ်များနှင့် ပန်းခြံများတွင်လည်း ရောင်စုံမီးအလှများ တပ်ဆင်ထားရှိကာ မြန်မာ့ရိုးရာ အကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ဈေးရောင်းပွဲတော်များ ကျင်းပပေးလျက်ရှိရာ မိသားစုအလိုက်၊ သူငယ်ချင်း အပေါင်းအသင်းအဖွဲ့များအလိုက် လည်ပတ်အနားယူသူများဖြင့် အထူးပင် စည်ကားများပြားလျက်ရှိသည်။ အလားတူပင် ကျေးလက်ဒေသများတွင်လည်း ရွာလုံးကျွတ် ဆီမီးထွန်းပူဇော်ပွဲများ၊ ရိုးရာ မီးပုံးပျံလွှတ်တင်ပွဲများနှင့် ဒေသဆိုင်ရာ ဘုရားပွဲတော်များကို ပျော်ရွှင်စွာ ကျင်းပကြရာ မြို့ပြနှင့် ကျေးလက်ဟန်ချက်ညီညီ ငြိမ်းချမ်းအေးမြသည့် ရိုးရာပွဲတော်ရသကို အပြည့်အဝ ဖန်တီးလျက်ရှိရာ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေလည်ပတ်လျက်ရှိကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းမကြီးများနှင့် လမ်းသွယ်များတစ်လျှောက် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးများလှပစွာ တပ်ဆင်ထားရှိပြီး မီးရောင်စုံများ တပ်ဆင်ထားသည့် ပန်းအလှပုံစံများ၊ ရောင်စုံမီးစာလုံးများ၊ အလှဆင် ပုံစံငယ်များအား ရောင်စုံမီးအလှများ ဆင်ယင်ထားရှိကြရာ လာရောက်အပန်းဖြေ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**









# ဉာဏ်ရည်တုနည်းပညာသုံး ခေတ်သစ်မြို့ပြများ (သို့မဟုတ်) Smart City

ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

၂၁ ရာစုသည် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသောခေတ်ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ လူဦးရေအများစုသည် ကျေးလက်ဒေသများမှ မြို့ပြများသို့ ရွှေ့ပြောင်းအခြေချလာကြပါသည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဘဏ်၏အချက်အလက်များအရ ကမ္ဘာ့လူဦးရေ၏ ၅၇ ရာခိုင်နှုန်းကျော်သည် မြို့ပြများတွင် နေထိုင်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြလိမ့်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားပါသည်။

မြို့ပြလူဦးရေ အဆမတန်တိုးပွားလာခြင်းသည် စွမ်းအင်မလောက်ငဖူ၊ ယာဉ်ကြောပိတ်ဆို့မှု၊ အမှိုက်သရိုက်ပြဿနာ၊ လေထုညစ်ညမ်းမှု၊ အိမ်ရာရှားပါးမှု၊ ကျန်းမာရေးပြဿနာများ၊ လုံခြုံရေးနှင့် မူခင်းထူပြောမှု၊ ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေး လုပ်သားအင်အားပြတ်လပ်လာမှု စသည့် ကြီးမားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဤကဲ့သို့သော မြို့ပြပြဿနာများအား သာမန်နည်းလမ်းဟောင်းများဖြင့် ဖြေရှင်းရန်မှာ အကန့်အသတ်များရှိလာသဖြင့် ခေတ်မီနည်းပညာအခြေပြု စီမံခန့်ခွဲမှုစနစ်များဆီသို့ ကူးပြောင်းရန်လိုအပ်ချက် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာ၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိုးကျ ပေါင်းစပ်ပြီး ရေရှည်တည်တံ့မည့် မြို့ပြပုံစံသစ်တစ်ခုအဖြစ် **Smart City (စမတ်စီးတီး သို့မဟုတ် စမတ်ကျေးမြို့ပြ)** အယူအဆ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ စမတ်စီးတီးဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကိုအသုံးပြု၍ မြို့ပြ၏လုပ်ဆောင်ချက်များကို မြှင့်တင်ရန်၊ သယံဇာတများကို ထိရောက်စွာစီမံခန့်ခွဲရန်နှင့် မြို့သူမြို့သားတို့၏ လူနေမှုဘဝအရည်အသွေးကိုမြှင့်တင်ရန် ရည်ရွယ်ဖန်တီးထားသော အနာဂတ်မြို့ပြစနစ်ဖြစ်သည်။

## လူ့ယဉ်ကျေးမှုသမိုင်းနှင့် မြို့ပြဆီသို့ ရွှေ့ပြောင်းခြင်း

လူ့ယဉ်ကျေးမှုသမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် လူသားတို့သည် ကနဦးတွင် တစ်နေရာမှ တစ်နေရာသို့ရွှေ့ပြောင်းကာ အမဲလိုက်ရာဖွေစားသောက်ကြသူများဖြစ်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်းသောင်းချီခန့်က စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာကို စတင်တွေ့ရှိခဲ့ချိန်မှစ၍ မြစ်ဝှမ်းဒေသများတွင် အခြေချနေထိုင်လာကြပြီး **လူ့ယဉ်ကျေးမှု** စတင်ပွင့်လန်းလာခဲ့သည်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ကုန်သွယ်မှု ဗဟိုချက်မများ၊ ယဉ်ကျေးမှုအဆောက်အအုံများနှင့် အုပ်ချုပ်ရေးယန္တရားများ စုစည်းရာမြို့ပြငယ်များ စတင်ပေါက်ဖွားလာခဲ့ပါသည်။

သို့ရာတွင် လူသားတို့ မြို့ပြသို့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာမှုကို အရှိန်အဟုန်မြှင့်တင်ပေးခဲ့သည့်အရာမှာ ၁၈ ရာစုတွင် ပေါ်ပေါက်ခဲ့သော **စက်မှုထွန်းကားလာခြင်း**ပင်ဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံများ ပေါ်ပေါက်လာခြင်းကြောင့် ကျေးလက်ဒေသ စိုက်ပျိုးရေးလုပ်ငန်းများမှ လူသားလုပ်သားစွမ်းအားစုများသည် အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားသော မြို့ကြီးများဆီသို့ ရွှေ့ပြောင်းလာကြပါသည်။ ယနေ့ ၂၁ ရာစုတွင်မူ “စက်မှုအခြေပြုမြို့ပြများ”မှသည် **“ဒီဂျစ်တယ်နည်းပညာအခြေပြုမြို့ပြများ”** အဖြစ်သို့ ထပ်မံကူးပြောင်းလာခဲ့ပြီး ထိုသို့ လူဦးရေ အဆမတန် စုပြုံလာမှုကို စနစ်တကျ ထိန်းကျောင်းနိုင်ရန်အတွက် စမတ်စီးတီးစနစ်ကို မဖြစ်မနေ ပုံဖော်လာကြရခြင်းဖြစ်ပါသည်။

## စမတ်မြို့ပြစနစ်တစ်ခု၏ အဓိကမဏ္ဍိုင်ကြိုးများ

စမတ်မြို့ပြစနစ်တစ်ခု အောင်မြင်စွာလည်ပတ်နိုင်ရန်အတွက် အပြန်အလှန် ချိတ်ဆက်နေသော အခြေခံမဏ္ဍိုင်ကြိုးများ ရှိပါသည်။

**(၁) အုပ်ချုပ်ရေးစနစ်**

ဒီဂျစ်တယ်စနစ်ကို အခြေခံသည့် အုပ်ချုပ်ရေးစနစ်သည် စမတ်မြို့ပြစနစ်၏ အဓိက မဏ္ဍိုင်ဖြစ်ပါသည်။ ပြည်သူလူထုနှင့် အစိုးရဌာနများအကြား ဆက်သွယ်မှုကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် သွက်လက်မြန်ဆန်စွာ လုပ်ဆောင်နိုင်သည်။ အခွန်ပေးဆောင်ခြင်း၊ ပါမစ်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို အွန်လိုင်းမှ လွယ်ကူစွာပြုလုပ်နိုင်သဖြင့် အုပ်ချုပ်ရေးယန္တရားကို ပိုမိုထိရောက်စွာ စွမ်းဆောင်နိုင်စေပါသည်။

**(၂) စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု**

သန့်ရှင်းသော စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် စမတ်မြို့ပြစနစ်၏ အသက်ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင် စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အဓိကအသုံးပြုနိုင်ပါသည်။ ထို့ပြင် **စမတ် လျှပ်စစ်မွန်ရက်**များကိုအသုံးပြုကာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အလိုအလျောက် တွက်ချက်ခွဲဝေပေးခြင်းဖြင့် စွမ်းအင်လေလွင့်မှုကို လျော့နည်းပေးပါသည်။

စမတ်အမှိုက်ပုံးများတွင် အာရုံခံကိရိယာများ တပ်ဆင်ထားပြီး အမှိုက်ပြည့်ပါက အမှိုက်သိမ်းကားဆီသို့ အလိုအလျောက် အချက်ပြစနစ်ပေးပို့ခြင်း၊ အမှိုက်များအား အမျိုးအစား အမျိုးအစား ခွဲခြားသိမ်းဆည်းပေးခြင်းတို့ဖြင့် မြို့ပြသန့်ရှင်းရေးကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပါသည်။ ဤစနစ်ကြောင့် အမှိုက်သိမ်းကားများသည် အမှိုက်ပြည့်သည့် နေရာများဆီသို့သာ အလိုအလျောက် သွားလာရမည့်လမ်းကြောင်းကို တွက်ချက်မောင်းနှင်နိုင်သဖြင့် မြို့ပြသန့်ရှင်းရေး လုပ်ငန်းများကို အချိန်နှင့် ကုန်ကျစရိတ် သက်သာစွာဖြင့် အထိရောက်ဆုံး စီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

**(၃) မြို့ပြသယံယူပို့ဆောင်ရေး**

မြို့ပြတစ်ခု၏ အသက်သွေးကြောမှာ သယံယူပို့ဆောင်ရေးဖြစ်ပါသည်။ စမတ်မြို့ပြစနစ်တွင် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန်အတွက် IoT Sensor များနှင့် ကင်မရာများကို လမ်းဆုံလမ်းခွများတွင်တပ်ဆင်ကာ ယာဉ်ကြောအခြေအနေကို အချိန်နှင့်တစ်ပြေးညီ ခွဲခြမ်းစိတ်ဖြာပြီး မီးပွိုင့်များကို အလိုအလျောက် ထိန်းချုပ်ပေးပါသည်။ ထို့ပြင် အများပြည်သူသုံး သယံယူပို့ဆောင်ရေးစနစ် (ဘတ်စ်ကား၊ ရထား) များတွင် GPS စနစ်များ တပ်ဆင်ထားပြီး ခရီးသည်များအနေဖြင့် မိမိစီးမည့်ကား မည်သည့်အချိန်တွင် ရောက်ရှိမည်ကို မိုဘိုင်းလ်အက်ပလီကေးရှင်းမှတစ်ဆင့် တိကျစွာသိရှိနိုင်သည်။ လျှပ်စစ်ကားများအတွက် အားသွင်းစခန်းများကို စနစ်တကျ ထည့်သွင်းတည်ဆောက်ထားပါသည်။

**(၄) စီးပွားရေး**

စမတ်မြို့ပြစနစ်တွင် ဒီဂျစ်တယ်စီးပွားရေးနှင့် တီထွင်ဆန်းသစ်မှုကို အားပေးပါသည်။ ဒွေစက္ကူမကိုင်တော့သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်ပြီး မိုဘိုင်းလ်ငွေပေးချေမှုစနစ်များကို နေရာအနှံ့ အသုံးပြုနိုင်ပါသည်။ နည်းပညာစတင်ဖျိုးထောင်သည့်လုပ်ငန်းများနှင့် နည်းပညာမြင့်လုပ်ငန်းများအတွက် ကောင်းမွန်သောဂေဟစနစ်ကို ဖန်တီးပေးကာ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးပါသည်။

**(၅) နေထိုင်မှုနှင့် လုံခြုံရေး**

အိမ်ရာနေရာချထားမှုကဏ္ဍတွင်လည်း မြို့ပြမြေပုံညွှန်းစနစ် (GIS) နှင့် Big Data နည်းပညာများကိုအသုံးပြု၍ လူဦးရေထူထပ်မှုနှင့် အိမ်ရာလိုအပ်ချက်ကို ကြိုတင်တွက်ချက်ကာ အိမ်ရာများ

> **“စမတ်အမှိုက်ပုံးများတွင် အာရုံခံကိရိယာများ တပ်ဆင်ထားပြီး အမှိုက်ပြည့်ပါက အမှိုက်သိမ်းကားဆီသို့ အလိုအလျောက် အချက်ပြစနစ်ပေးပို့ခြင်း၊ အမှိုက်များအား အမျိုးအစား ခွဲခြားသိမ်းဆည်းပေးခြင်းတို့ဖြင့် မြို့ပြသန့်ရှင်းရေးကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပါသည်။ ဤစနစ်ကြောင့် အမှိုက်သိမ်းကားများသည် အမှိုက်ပြည့်သည့် နေရာများဆီသို့သာ အလိုအလျောက် သွားလာရမည့်လမ်းကြောင်းကို တွက်ချက်မောင်းနှင်နိုင်သဖြင့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အချိန်နှင့် ကုန်ကျစရိတ် သက်သာစွာဖြင့် အထိရောက်ဆုံး စီမံခန့်ခွဲနိုင်မည်”**

ကို စနစ်တကျ နေရာချထားပေးခြင်းဖြစ်ပါသည်။ ထို့ပြင် အခြေခံလူတန်းစားများပါ အဆင်ပြေစွာ နေထိုင်နိုင်မည့် တန်ဖိုးနည်းစမတ်အိမ်ရာစီမံကိန်းများကို သယံယူပို့ဆောင်ရေးကွန်ရက်များနှင့် နီးကပ်စွာပုံဖော်ပေးခြင်းဖြင့် တရားမဝင်အိမ်ရာများနှင့် အခြေချနေထိုင်မှုများဖြစ်ပေါ်လာမှုကို တားဆီးပေးနိုင်ပြီး မြို့သူမြို့သားအားလုံး မျှတစွာအခြေချနေထိုင်နိုင်မည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါသည်။

ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဘေးကင်းလုံခြုံရေးကို အဆင့်မြှင့်တင်ပေးပါသည်။ မြို့ပြတစ်ခွင်တွင် မျက်နှာမှတ်မိခြင်းစနစ်များ ပါဝင်သော AI ကင်မရာများ တပ်ဆင်ထားသဖြင့် ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်နိုင်ပြီး မှုခင်းဖြစ်ပွားပါကလည်း ချက်ချင်းဖော်ထုတ်နိုင်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် တယ်လီမက်ဒီဆင်း (Telemedicine) စနစ်ဖြင့် ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးသောနေရာများမှပါ အွန်လိုင်းမှတစ်ဆင့် ဆရာဝန်များနှင့် ဆွေးနွေးကုသမှု ခံယူနိုင်ပါသည်။

**(၆) စမတ်ကျသော ပြည်သူများ**

နည်းပညာများ မည်မျှပင် ကောင်းမွန်စေကာမူ ၎င်းတို့ကိုအသုံးချမည့် ပြည်သူများတွင် ဒီဂျစ်တယ်ကျွမ်းကျင်မှုမရှိပါက စမတ်မြို့ပြစနစ် မဖြစ်မြောက်နိုင်ပါ။ ထို့ကြောင့် ပြည်သူများကို စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်မည့် ဒီဂျစ်တယ်အသိပညာပေးခြင်း၊ ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ နည်းပညာနှင့် ရင်းနှီးကျွမ်းဝင်အောင် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အသုံးပြုသောနည်းပညာများ

စမတ်မြို့ပြစနစ်တစ်ခု ဖြစ်မြောက်လာရန် နောက်ကွယ်မှပံ့ပိုးပေးထားသော ခေတ်မီနည်းပညာများစွာရှိပါသည်။ ယင်းတို့အနက် အရေးအကြီးဆုံး နည်းပညာများမှာ အောက်ပါအတိုင်းဖြစ်သည် –

**(၁) အရာဝတ္ထုတိုင်းကို အင်တာနက်ချိတ်ဆက်ခြင်း**

လမ်းမီးတိုင်များ၊ အမှိုက်ပုံးများ၊ ရေပိုက်လိုင်းများနှင့် မီးပွိုင့်များတွင် အာရုံခံကိရိယာများ Sensors တပ်ဆင်ကာ ဒေတာများကို စဉ်ဆက်မပြတ် ကောက်ယူသည့်စနစ်ဖြစ်ပါသည်။ IoT သည် စမတ်မြို့ပြစနစ်၏ အာရုံခံအင်္ဂါများဖြစ်သည်။

**(၂) ဉာဏ်ရည်တုနည်းပညာနှင့် မြောက်မြားလှစွာသော အချက်အလက်များအား တွက်ချက်ခြင်း**

IoT အာရုံခံကိရိယာများမှရရှိလာသော မရေမတွက်နိုင်သည့် ဒေတာအချက်အလက် အမြောက်အမြားကို AI ကွန်ပျူတာစနစ်များသုံးပြီး ခွဲခြမ်းစိတ်ဖြာပါသည်။ ဥပမာ – မည်သည့်အချိန်တွင် ရေသုံးစွဲမှုအများဆုံးဖြစ်သည်၊ မည်သည့်ရပ်ကွက်သည် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအမြင့်မားဆုံးဖြစ်သည်၊ မည်သည့်ဧရိယာသည် အမှိုက်တန်ချိန်အများဆုံးစွန့်ပစ်ခြင်းဖြစ်သည်၊ မည်သည့်လမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်နိုင်သည် စသည်တို့ကို တွက်ချက်ကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပါသည်။

**(၃) မြန်နှုန်းမြင့် ဆက်သွယ်ရေးကွန်ရက်နည်းပညာ**

ဒေတာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ အပို့အယူလုပ်နိုင်ရန်အတွက် အလွန်မြန်ဆန်ပြီး နှောင့်နှေးမှုမရှိသော **“5G ကွန်ရက်”**သည် မရှိမဖြစ် လိုအပ်ပါသည်။

**(၄) ကလောက်ဒ်စနစ်**

မြို့ပြတစ်ခုလုံးမှ ထွက်ပေါ်လာသော အချက်အလက်များကို လုံခြုံစိတ်ချစွာ သိမ်းဆည်းရန်နှင့် အစိုးရဌာနအသီးသီးက လိုအပ်သလို ဝင်ရောက်အသုံးပြုနိုင်ရန် ကလောက်ဒ်သို့လှောင်မှုစနစ်ကို အသုံးပြုပါသည်။

## စမတ်မြို့ပြစနစ်တည်ဆောက်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ

စမတ်မြို့ပြစနစ်များသည် ကောင်းကျိုးများစွာရှိသော်လည်း ၎င်းတို့ကို တည်ဆောက်ရာတွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလေ့ရှိပါသည်။

**(၁) ဆိုက်ဘာလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးအချက်အလက် လုံခြုံမှု**

မြို့ပြစနစ်တစ်ခုလုံး အင်တာနက်ပေါ်သို့ ရောက်ရှိသွားသည့်အခါ ဟက်ကာများ၏ တိုက်ခိုက်မှုခံရမည့်အန္တရာယ်ရှိပါသည်။ လျှပ်စစ်ကွန်ရက် သို့မဟုတ် ရေပေးဝေရေးစနစ်ဟက်ခံရပါက မြို့ပြကြီးတစ်ခုလုံး ရပ်ဆိုင်းသွားနိုင်ပါသည်။ ထို့ပြင် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံမှုအတွက်လည်း စိုးရိမ်စရာရှိပါသည်။

**(၂) ကြီးမားသော ကနဦးရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်**

အဆင့်မြင့် အာရုံခံကိရိယာများ၊ 5G ကွန်ရက်များ၊ AI စနစ်များနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

**(၃) ဒီဂျစ်တယ်ကွာဟမှု**

နည်းပညာနှင့် အလှမ်းဝေးသောသူများသည် စမတ်မြို့ပြစနစ်၏ ဝန်ဆောင်မှုများကို ကောင်းစွာ အသုံးမချနိုင်သည့်ပြဿနာမျိုး ဖြစ်ပွားနိုင်ပါသည်။

**(၄) ကျေးလက်လုပ်သား ရှားပါးမှုနှင့် စားရေရိက္ခာ စိန်ခေါ်မှု**

မြို့ပြများသို့ လူဦးရေ အဆမတန် ရွှေ့ပြောင်းလာခြင်း၏ နောက်ဆက်တွဲဆိုးကျိုးမှာ စားရေရိက္ခာ အဓိကထုတ်လုပ်ပေးသည့် ကျေးလက်ဒေသများတွင် **လယ်ယာစိုက်ပျိုးရေး လုပ်သားအင်အားပြတ်လပ်လာခြင်း**ဖြစ်ပါသည်။ စာမျက်နှာ ၁၉ သို့ ❑



# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယရက်ညပိုင်းတွင် ဈေးဝယ်သူပြည်သူများဖြင့် အထူးစည်ကား

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ တတိယရက် ညပိုင်းတွင် ဈေးဝယ်ယူသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ယမန်နေ့ညပိုင်းကလည်း မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မီးပုံးပျံ အသေးများ၊ ရုပ်ပုံမီးပုံးပျံများနှင့် အလှဆင် မီးပုံးပျံကြီးများ လွှတ်တင်ခဲ့သည်။

အဆိုပါဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲသို့ ပြည်သူအများအပြား လာရောက်ကြပြီး အလှဆင်မီးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဆင်များ အပျော်စီးခြင်း၊ နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများ၊ ဒီဂျေ(DJ) များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု့ အားပေး၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထိုသို့ပျော်ပွဲရွှင်ပွဲများ၊ လူသုံးကုန်ပစ္စည်းများနှင့် အစားအသောက်ရောင်းချနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှု့ အားပေးကြသည်။

ထို့ပြင် အလှူရှင်များက နံနက်၊နေ့လယ်နှင့် ညပိုင်းများတွင် စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးကြပြီး ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ထားရှိသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (၄)ပေါက်တန်း ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် မြသီတာအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှု့ အားပေးကာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများထံ အလှူငွေများ လှူဒါန်းသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီး တက်သစ်စဆုရရှိသည့် တောင်ဥက္ကလာပ မြို့နယ်အသင်းမှ ခင်ရတီကျော်၊ အမျိုးသား တက်သစ်စဆုရရှိသည့် သန်လျင်မြို့နယ်အသင်းမှ ရွှိုင်းထက်အောင်၊ အမျိုးသမီး အကောင်းဆုံးဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်းမှ မဖြူစင်ဖြိုး၊ အမျိုးသား အကောင်းဆုံးဆုရရှိသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အသင်းမှ ရန်မျိုးအောင်၊အတိုးတက်ဆုံးအသင်းဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်အသင်း၊ နှစ်သိမ့်ဆုရရှိသည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အသင်း၊တတိယဆုရရှိသည့်သာကေတ မြို့နယ်အသင်းနှင့် ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပမြို့နယ်အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုကလပ်များ၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြပြီး ပထမဆုရရှိသည့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ခွဲထက်ကို(ပြန်/ဆက်)

# ဘုတ်ပြင်းမြို့၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံအလုံး ၂၀၀ လွှတ်တင်ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးအလှူပွဲ စည်ကားစွာကျင်းပ

ဘုတ်ပြင်း အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ အတုလာအဓိပတိ မဟာမုနိရွှေသာလျောင်းဘုရား၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးအလှူအား စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## လှည့်လည်ကြည့်ရှု

ဦးစွာ ညနေပိုင်းတွင် အတုလာအဓိပတိမဟာမုနိရွှေသာလျောင်းဘုရား အတက်လမ်းရှိ နိဗ္ဗာန်ဈေးအား ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ဒေသခံပြည်သူများ ပါဝင်လှူဒါန်းကြသည့် နိဗ္ဗာန်ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘုရားဖူးပြည်သူများက ရင်ပြင်တော်၌ ဆီမီး ၃၀၀၀ အား စတင်မီးထွန်းညှိပူဇော်ကြပြီး မီးပုံးပျံအလုံး ၂၀၀ အား လွှတ်တင်ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ ဘုတ်ပြင်းမြို့အောင်တော်မူစေတီတော်၊ လျောင်းတော်မူဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် သိရိမင်္ဂလာစေတီတော်တို့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



# ကော့ကရိတ်မြို့ သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးပွဲများဖြင့် စည်ကား

ကော့ကရိတ် အောက်တိုဘာ ၂၇

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ကော့ကရိတ်မြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဘုရား၊ ကျောင်း၊ စေတီပုထိုးများတွင် ကုသိုလ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

## ကျွေးမွေးလှူဒါန်း

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ပေါ်ရှိ ဘုရား၊ ကျောင်း၊ စေတီပုထိုးများ၌ ဆွမ်း၊ ပန်း၊ ဂရေးမုံးများ ကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်းနှင့် ညနေပိုင်းတွင် ရပ်ကွက်များ၌ အာဟာရဒါန စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ဆောင်ရွက်ကြသည်။

ထို့နောက် ညပိုင်းတွင် သီတင်းကျွတ်လပြည့် အခါသမယ၏ ကုသိုလ်ပွဲကို ကော့ကရိတ်မြို့၏ အထင်ကရ ဓိနသုခလောကသရဖူ စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင်ပူဇော်ခြင်းနှင့် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ရပ်ကွက်အလိုက်လမ်းများတွင်လည်း ရောင်စုံမီးထွန်းခြင်း၊ ဆီမီးထွန်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❑ စာမျက်နှာ ၁၈ မှ

ဤစိန်ခေါ်မှုကိုဖြေရှင်းရန်အတွက် စမတ်စီးတီးနည်းပညာများကို မြို့ပြတွင် အကောင်အထည်ဖော်သည့်နည်းတူ ကျေးလက်စိုက်ပျိုးရေးကဏ္ဍတွင်ပါ **စမတ်စိုက်ပျိုးရေးစနစ်**အဖြစ် တစ်ပြိုင်တည်း တိုးချဲ့အသုံးချလာကြရပါသည်။ လူသားလုပ်အားနေရာတွင် စိုက်ပျိုးရေးဒုရန်းများ၊ အလိုအလျောက် သီးနှံရိတ်သိမ်းစက်များနှင့် AI အခြေပြု သီးနှံစီမံခန့်ခွဲမှုစနစ်များကို အစားထိုးကာ ရိက္ခာပြတ်လပ်မှုအန္တရာယ်ကိုကာကွယ်ရန် ကြိုးပမ်းလာကြရပါသည်။

ဒဲ့ဂုံသုံးသပ်ရလျှင် **စမတ်မြို့ပြစနစ်**ဆိုသည်မှာ လူသားတို့၏ အနာဂတ်မြို့ပြဘဝ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် မရှိမဖြစ်လိုအပ်သော အဖြေတစ်ခုပင်ဖြစ်ပါသည်။ မြို့ပြလူဦးရေ တိုးပွားလာမှုနှင့်အတူ ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများကို **၆ အိမ်ရာနေရာချထားမှုကဏ္ဍတွင်လည်း မြို့ပြမြေပုံညွှန်းစနစ် (GIS) နှင့် Big Data နည်းပညာများကိုအသုံးပြု၍ လူဦးရေထူထပ်မှုနှင့် အိမ်ရာလိုအပ်ချက်ကို ကြိုတင်တွက်ချက်ကာ အိမ်ရာများကို စနစ်တကျ နေရာချထားပေးခြင်းဖြစ်ပါသည်။ ထို့ပြင် အခြေခံလူတန်းစားများပါ အဆင်ပြေစွာ နေထိုင်နိုင်မည့် တန်ဖိုးနည်းစမတ်အိမ်ရာစီမံကိန်းများကို သယ်ယူပို့ဆောင်ရေးကွန်ရက်များနှင့် နီးကပ်စွာပုံဖော်ပေးခြင်းဖြင့် တရားမဝင်အိမ်ရာများနှင့် အခြေချနေထိုင်မှုများဖြစ်ပေါ်လာမှုကို တားဆီးပေးနိုင်ပြီး မြို့သူမြို့သားအားလုံး မျှတစွာ အခြေချနေထိုင်နိုင်မည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်** ၅ နည်းပညာအကူအညီဖြင့် ထိရောက်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါတော့သည်။ ။


**ကိုးကား**

1. “World Urbanization Prospects: The 2018 Revision”, United Nations Department of Economic and Social Affairs, 2019.
2. “Focus Areas for AI Intervention: Smart Cities and Infrastructure”, National Strategy for Artificial Intelligence, The Government of India, June 2018.
3. Personal Field Experience on “Seminar on Telecommunication New Technology & Equipment Maintenance”, Wuhan, China, July–August 2023.
4. data.worldbank.org

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။





















# KNPP ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သိတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာ ကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများအား ရှောတိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူငါးဦး ဒုံးစထိမှန်ဒဏ်ရာရရှိ




KNPP ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် အောက်တိုဘာ ၂၇

ကယားပြည်နယ်ရှိ ပြည်သူများ အနေဖြင့် အောက်တိုဘာ ၂၆ ရက် သိတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် အပန်းဖြေနေရာများ၌ ကောင်းမှု ကုသိုလ်ပြုလုပ်ခြင်း၊ အပန်းဖြေ လည်ပတ်ခြင်းများ ပြုလုပ်လျက် ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်း အဖွဲ့များက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက် ခဲ့မှုကြောင့် အေးချမ်းစွာ ကုသိုလ် ယူနေသည့် အပြစ်မဲ့ ဒေသခံ တိုင်းရင်းသား ပြည်သူငါးဦး ဒုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗုဒ္ဓဘာသာဝင်များ၏ ၁၂ လရာသီ ပွဲတော်များထဲမှ အထူးခြားဆုံးဖြစ်သည့် သိတင်း ကျွတ်လပြည့်နေ့ ဖြစ်သော အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာမှ ဒေသခံ တိုင်းရင်းသားပြည်သူ များသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီး ကျောင်း၌ ကုသိုလ်ကောင်းမှုများ ပြုလုပ် လျက်ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်း အဖွဲ့များက လွိုင်ကော်မြို့ လယ်ထွဲ ကျေးရွာ၏ အရှေ့ဘက်မီတာ ၅၅၀၀ ခန့်အကွာမှနေ၍ ရှော့တိုက် ဒုံးများဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ မှုကြောင့် ဘုန်းတော်ကြီးကျောင်း ဝင်းအနီးနှင့် လူနေအိမ်များ အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ သဖြင့် အေးချမ်းစွာကုသိုလ်ပြုနေ သည့်အပြစ်မဲ့ဒေသခံတိုင်းရင်းသား ပြည်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့၌ ဗုံးသီး စထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက် ဒဏ်ရာရရှိခဲ့သူများအား လုံခြုံ ရေးတပ်ဖွဲ့ဝင်များက လွိုင်ကော် မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိ ကြောင်း၊ အဆိုပါဖြစ်စဉ်နေရာ တစ်ပိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင် များက လိုအပ်သည့် နယ်မြေ လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်းနှင့် ယခုကဲ့သို့ နေ့ထူးနေ့မြတ်များ၌ ဖျက်ဆီးလိုသော ရည်ရွယ်ချက် အပြင် စစ်ရေးနှင့် မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများ ပြည်သူများအား အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိ စေခြင်းအလို့ငှာ ရည်ရွယ်ချက် ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက် သမားများ၏ ယုတ်မာရိုင်းစိုင်းဩ လူမဆန် သည့် အကြမ်းဖက်လုပ်ရပ်များ အား ဒေသခံတိုင်းရင်းသား ပြည်သူများက ရွံ့ရှာမုန်းတီး လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ဒဏ်ရာရရှိခဲ့မှုကို တွေ့ရစဉ်။


မြန်မာ့အသံနှင့်ခွဲပြင်သံကြား

၂၈-၁၀-၂၀၂၆ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော် သံယမဟာနာယကအဖွဲ့ဆရာတော်များ၏ ပရိတ်တရားတော်ရွတ်တတ်ပုံတော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ ကုန်ထုတ်ခွင့်အားဖြည့်ပေးခြင်းသဖြင့် ပြည်ပသို့ ကောင်မွေးစားနို့ဆီ ပို့ကုန်တိုးတက်လာ
၁၀:၃၅ ရုပ်မြင်သံကြားတက်လမ်း 'ပေတ္တာဝတ္ထုနိုးဖျန်းဘုရား'
၁၁:၀၀ သစ်လွင်ချိုမြိုနောင်းဒေါ်ထေးအလု
၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၃:၀၅ ဂန္ဓဝင်အလှပထာဝီတာ
၁၃:၃၀ MRTV National News
၁၅:၃၀ Weekly Soccer Preview
၁၆:၄၀ မင်္ဂလာမျှော်လင့်ပြင်လယ်ယာမြေ 'လက်တင်ကြောက်၊ အာရူး၊ ဝမ်းနှင့် သရက် စိုက်ပျိုးရေးဒေသ'

mtv

07:01 Evergreen Classic: Let They Peace Be with You
07:07 Artistic Values & Aesthetic Traditions
07:32 Garbage to Green Gardens
08:26 Myanmar and Korea Art Installation Trip
08:52 Chaung Tha Souvenir Business
09:01 Nature's Progeny Town: December Garden
09:26 Discovering Tribes: Da Nu (Their Life and Customs) (Part-2)
09:45 Admirable Needle Felt Art

MRTV HD

၁၀:၁၀ ရေလုံချိုးခြင်းနှင့် ရေသန့်စင်ခြင်း
၁၀:၄၀ NEXT LEVEL
၁၁:၅၀ ယူနန်ဓါတ်လှေကားများ
၁၁:၅၅ သံဝဠာဝဏ္ဍာစတီလိုင်းတားကမ္ဘာ
၁၃:၀၀ လွတ်တော်သတင်း
၁၃:၁၀ နိုင်ငံခြားဓာတ်လမ်းတွဲ 'စံဘီဝေတ်ဝါ' (အပိုင်း-၀၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေသအခြေအနေ
၂၁:၀၀ လွတ်တော်ရေးရာအစီအစဉ်
၂၁:၁၅ ၂၀၂၆ ခုနှစ်၊ (၂၅)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအရိပ်အကားအရေးအစီအမံပြိုပွဲ အစီအစဉ် (အဝင်ပေး)
၂၁:၃၀ သံဝဠာဝဏ္ဍာစတီလိုင်းတားအလု
၂၁:၅၀ နိုဝင်ဘာလာဓာတ်သတင်းဟာ 'ဥဒ္ဓတန္ဒိဇာတ်' (ပထမပိုင်း)

Me

၀၆:၀၀ အလွှာ၊ ဝမ္မပုဓာတားသီချင်းများ
၀၆:၂၅ ကာတွန်း 'ခွစ်ထုသိုးဝိသားစု' (အပိုင်း-၁၀)
၀၆:၃၀ မြန်မာသံစဉ်တေးများ
၀၇:၀၀ မြန်မာဓာတ်လမ်းတွဲ 'စန်းမျိုးသည်းလဏ်' (အပိုင်း-၂၀)၊ (ဇာတ်သိမ်းပိုင်း)
၀၈:၁၅ နိုင်ငံခြားဓာတ်လမ်းတွဲ 'တန်းဘောင်အပြုန်းအမုန်း' (အပိုင်း-၂၃)
၀၉:၀၀ ပတ္တရွဝင်ဂွားတော်ရွာသန်းဇာတ်တော်ကြီး (ပထမပိုင်း)
၁၀:၃၀ Bollywood Hit Songs (48)
၁၁:၅၀ ပတ္တရွဝင်ဂွားတော်ရွာသန်းဇာတ်တော်ကြီး (ဒုတိယပိုင်း)

MRTV NRC

ချင်း (လိုင်ကော်) (၀၆:၀၀ မှ ၀၈:၀၀)
သီးချိုးရာဂါအတွက်စားသောက်သောသစ်သီးများ
ချင်း (ချိုး) (၀၈:၀၀ မှ ၀၈:၃၀)
တောင်ကျွေးကျေးရွာ(အပိုင်း-၁)
မွန် (၀၈:၃၀ မှ ၁၀:၀၀)
မွန်တိုင်းယုံကြည်ကိုးကွယ်သော ပို့ချာဝေလုပ်ဆင်များ
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ကြက်သားသုပ်နှင့်သဘောတူပင်လည်
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပင်ပေါင်းလုပ်စက္ကူ
၀ (၁၃:၀၀ မှ ၁၆:၀၀)
ဟင်းနွယ်နှင့်ကျန်းမာရေး
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
တိုင်းရင်းဆေးလူဝတ္ထုလေးလသိကောင်းစရာများ
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ထောင်ပါးဒေသမှသောက်ငုန်စိုက်ခင်း
ဗမာကချင် (၂၀:၀၀ မှ ၂၁:၀၀)
ထူးဆန်းတစ်ရာသုပြန်ရှု
ဘဆွေကိုးကချင် (၂၁:၀၀ မှ ၂၂:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
ဘရွှေဖိုးကချင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်နိုင်ငံနာဟိုဟိုနှင့်တွေ့ဆုံဖန်ခြင်း

MRTV NEWS

၀၆:၀၀ အလွှာ၊ တေးသီချင်း
၀၆:၀၅ လူထုလှုပ်ရှားမှုအကဆား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
၁၆:၃၅ Football Highlihgts
၁၇:၃၅ နေ့ရှည်အန်းသစ်သိပ္ပံဇော်ဂါ (Razor)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ Festivals Around The World
၂၁:၃၅ လွတ်တော်ရေးရာအစီအစဉ်

MRTV ENTERTAINMENT

၀၇:၀၀ အလွှာ၊ အလံ
၀၇:၁၅ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၇:၀၀ လွတ်တော်သတင်း (၂၀-၁၀-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အလွှာ၊ နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်ယာရေးရာသတင်း
၀၆:၂၅ ပို့ကုန်ပုစ်ထုတ်မြှင့်ပို့ MSME အရောင်းပြပွဲများကျင်းပကြပါပို့
၀၈:၀၀ နိုင်ငံရိုးရာမြင်တင်ပို့ ပါဝိုက်ပျိုးထုတ်လုပ်ခြင်းဆောင်ရွက်ကြပါပို့
၀၉:၁၅ နံစားပြင်းကိုအခြေခံဖြေဒါတ်ဆွဲမြှုပ်ခြင်း
၁၀:၃၀ နိုင်ငြားဓာတ်လမ်းတွဲ 'ဗမာမြို့မြ' (အပိုင်း-၄)

MRTV SPORTS

၀၆:၀၀ အလွှာ
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြကြယ်
၀၆:၄၅ Sports Diary
၀၇:၃၀ Weekly MNL Review
၀၈:၀၀ 33rd SEA Games (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ (Replay) (မြန်မာနှင့်မလေးရား)
၁၃:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel



## စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ဆီမီးပူဇော်ပွဲ ကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ယမန်နေ့ ညနေပိုင်းတွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဆီမီးပူဇော်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီးဝတ်ရသည် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ ပြည်သူများနှင့် အတူ ဆီမီးထွန်းညှိပူဇော်ကြပြီး စေတီတော်ရင်ပြင်၌ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ ကမ်းနားလမ်း၊ ကမ်းနားလမ်း ပန်းခြံနှင့် ကမ်းနားလမ်းတစ်လျှောက်တွင် အများပြည်သူ စိတ်အပန်းဖြေ နားနေရန်အတွက် မြေယာရှုခင်းအလှများတွင် အလှမီးများတပ်ဆင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၊ ဝက်ပါကွင်းနှင့် ရန်ပြေမာန်ပြေ ဘုရားကြီးတို့တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့်အတူ ဆီမီးထွန်းညှိ ပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စူဠာမုနိလောကချမ်းသာစေတီတော်နှင့် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်

**တောင်ကြီး အောက်တိုဘာ ၂၇**

စူဠာမုနိလောကချမ်းသာဘုရားနှင့် ရွှေဘုန်းပွင့် ဘုရား ဆီမီးတစ်ထောင်ပူဇော်ပွဲကို ယမန်နေ့ ညပိုင်းက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်နှင့် ရွှေဘုန်းပွင့်ဘုရားတို့၌ ကျင်းပသည်။

ဆီမီးပူဇော်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်ဝိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ စူဠာမုနိလောကချမ်းသာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကာ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ကြသည်။

ထို့ပြင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြပြီး ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**






## မိုးညှင်းမြို့၌ သီတင်းကျွတ်လပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီမှ ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်ကို စုပေါင်းရုံးရှေ့ စိမ်းလဲ့သာယာ ပန်းခြံအနီး၌ ယမန်နေ့ ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သီတင်းကျွတ်လပြည့်ညတွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ် သွားလာကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်မှ အုပ်ချုပ်ရေးအဖွဲ့များနှင့် အလှူရှင်များက စတုဒိသာဖြစ်သည့် မုန့်နှင့် အချိုရည်များကို ဈေးဆိုင်ခန်းပေါင်း ၂၀ ကျော်ဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက်များရှိ အထင်ကရဘုရား စေတီပုထိုးများတွင် ဘုရားဖူးပြည်သူများကလည်း ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းမှ ဝတ်ရွတ်ပူဇော်ခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ကြခြင်းတို့ဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## သီတင်းကျွတ်လပြည့်နေ့တွင် တောင်ကြီးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် အထူးစည်ကား

**တောင်ကြီး အောက်တိုဘာ ၂၇**

သီတင်းကျွတ် လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူး၍ တိုင်းရင်းသားမိဘပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလ ဆောက်တည်ကြခြင်းနှင့် တရားဘာဝနာ ပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိကြရာ တောင်ကြီးမြို့ရှိ ဘုရားစေတီပုထိုးများ၌လည်း အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် အထူးစည်ကား လျက်ရှိသည်။

တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာ မိဘပြည်သူများက ပန်းများကပ်လှူ ပူဇော်ကြပြီး ဓမ္မစကြာ တရားတော်များ ရွတ်ဖတ် ပူဇော်ကြသည်။ တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး၌လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး မိဘပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြသည်။

**စည်ကားသိုက်မြိုက်**

ထို့ပြင် တောင်ကြီးမြို့ရှိ မြစိမ်းတောင်ဘုရားနှင့် ဘုန်းကြီးကျောင်းများ၊ ဓမ္မရိပ်သာများတွင်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် နံနက်မိုးသောက်ချိန်မှ စတင်၍ အထူးစည်ကားသိုက်မြိုက် လျက်ရှိကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**





## ကျွန်းစုမြို့ဦး သံသရာအေးစေတီတော်တွင် ဆီမီး ၁၀၀၀ လှူဒါန်းပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**ကျွန်းစု အောက်တိုဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့အဝင် ဆိပ်ကမ်းရှိ မြို့ဦးသံသရာအေးစေတီတော်ရင်ပြင်၌ ယမန်နေ့ ညက ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခဲ့ပြီး ပန်းရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် နိဗ္ဗာန်ဈေးပွဲတော်တွင်လည်း ခရီးသွားများနှင့် ဘုရားဖူးပြည်သူများအား စတုဒိသာမုန့်များ ဝေငှကျွေးမွေးခဲ့ကာ မြို့တော်ခန်းမ၌ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြည်သူများ ကြိတ်ကြိတ်တိုး လည်ပတ်ခဲ့ပျော်လျက်ရှိကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ရွှေကျင်မီးမျှောပွဲ ပရိသတ်သောင်းချီ ကမ်းလုံးပြည့်ဆင်နွှဲ

ရွှေကျင် အောက်တိုဘာ ၂၇

ရွှေကျင်မြို့နယ်တွင် (၁၇၅)နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်၏ ရေပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ကွက် ချောင်းဘေးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။ မီးမျှောပူဇော်ပွဲ၏ ရေပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှင်ဥပဂုတ္တမထေရ်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ကရဝိက်ဖောင်တော်ကို လှော်ကားတော်ကြီးလှေဦးဆောင်၍ မင်္ဂလာစည်တော်ကြီးဖောင်၊ ဓမ္မစကြာအဖွဲ့များဖောင်တို့က ပင့်ဆောင်ပူဇော်ပြီး ဗဟိုမဏ္ဍပ်ရှေ့၌ စည်တော်ရေယာဉ်၊ လှော်ကားတော်ကြီးရေယာဉ်၊ ရွှေကျင်မြို့ပေါ် ရပ်ကွက်/ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်သည့် တက်ခုတ်တက်ပျံယိမ်းအကအဖွဲ့များ ဖျော်ဖြေခြင်း၊ အကဲဖြတ်မဏ္ဍပ်၌ ပြိုင်ပွဲဝင် တက်ခုတ်တက်ပျံယိမ်းအကအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခြင်းများဖြင့် တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ဆင်နွှဲခဲ့ကြပြီး ကြိုးစားယှဉ်ပြိုင်သူ တက်ခုတ်တက်ပျံ ယိမ်းအကအဖွဲ့များကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရွှေကျင်မြစ်အတွင်း ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ပွဲ ကျင်းပရာ ဒေသခံပြည်သူများနှင့် ပွဲတော်လာပရိသတ်များက မီးမျှောပူဇော်ကြသည်။ ၂၀၁၉ ခုနှစ်မှစတင်၍ အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိသည့် အဆိုပါမီးမျှောပွဲတော်ကို ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ရာ ယနေ့တွင် ဒေသခံများနှင့်ပွဲတော်လာပရိသတ် သောင်းနှင့်ချီကာ ကမ်းလုံးပြည့် လာရောက်အားပေးကြည့်ရှု ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ဝိန်းဇလုပ် - သိန်းညွှန့်

# တန့်ယန်းမြို့နယ်၌ သံဃာ့ပဝါရဏာပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

တန့်ယန်း အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ပုရိမဝါမှ ထတော်မူကြသော သံဃာတော် ၂၁၇ ပါး သံဃာ့ပဝါရဏာပြုတော်မူကာ သိမ်ဆင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက မဟာမြတ်မုနိဘုရားကြီး ဓမ္မဂုဏ်ရည်ကျောင်းတိုက်၌ ကျင်းပသည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ပန်ထမ်းများ၊ အသင်းအဖွဲ့များ၊ ပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဒါန်းဖွယ်ရာများကို လောင်းလှူခဲ့ကြပြီး ညပိုင်းတွင် အောင်တော်မူစေတီတော်၌ ဆီမီးအမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရား ရွတ်ဖတ်ပူဇော်ခြင်း၊ ရှမ်းရိုးရာ တိုးနုရား ကိန္နရီအကများဖြင့် ဝါလကင်းလွတ် သီတင်းကျွတ် အခါသမယကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲကြကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

■



# ကျန်းလှမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်ပွဲများကျင်းပ

ကျွန်းလှ အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပကြသည်။

သီတင်းကျွတ်လပြည့်ညတွင် မြို့ပေါ်ရပ်ကွက်ရှိ ဓမ္မစကြာအသင်းများ၊ ဓမ္မစကူး ကျောင်းသား ကျောင်းသူများက ရပ်မိရပ်ဖများဦးဆောင်၍ ရိုးရာမယျက် အိုးစည်၊ ဒိုးပတ်ပိုင်းများဖြင့် ဆီမီးလှည့်လည် ပူဇော်ကြပြီး အလှူရှင်များက အာဟာရဒါနကုသိုလ်ပြု ကျွေးမွေးကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# တာချီလိတ်မြို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ သံဃာတော်များနှင့် သီလရှင်များအား



ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာလမ်းတွင် ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အလင်းရောင်ပရဟိတအသင်းက ဦးဆောင်ကျင်းပသည့် အဆိုပါ ဆွမ်းလောင်းလှူပွဲကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေများနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၇၅၀ တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေစကြိုမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



ရေစကြို အောက်တိုဘာ ၂၇

ရေစကြိုမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် စာရေးတံမဲဖောက်ကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက်က ရေစကြိုမြို့အဝင် ရွှေဂုံကြီးဗိမာန်တော်ရှိ ဘုရားရင်ပြင်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥုက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လုံခြုံရေးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့သူမြို့သားများက မြို့ပေါ်ကျောင်းတိုက် ၃၀ ရှိ ဆရာတော်သံဃာတော်အရှင်သူမြတ် ၁၉၆ ပါး၊ သာမဏေ ၁၂၈ ပါးနှင့် သီလရှင် ၅၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ပင့်သံဃာအရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဝေဇင်မို့(ရေစကြို)

# လားရှိုးမြို့၌ (၁၉)ကြိမ်မြောက် ဆီမီး ၁၁၁၁ ပူဇော်ပွဲ ကျင်းပ

လားရှိုး အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ အရှေ့ခါးရိုးပရိယတ္တိစာသင်ကျောင်းတိုက်ကြီးအတွင်းရှိ လေးမျက်နှာ ရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဆီမီး ၁၁၁၁ ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)



# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ဗီယက်နမ်နိုင်ငံသို့ အောက်တိုဘာ ၂၀ ရက်မှစတင်၍လေ့လာရေးသွားရောက်ခဲ့ကြသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီးကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည်ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် တင်မင်းလတ်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၏ မိဘများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါမျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိနေစဉ် အောက်တိုဘာ ၂၁ ရက်တွင် Viettel Academy ကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် FPT Software Center၊ Viettel Global ရုံးချုပ်၊ Viettel Telecom နှင့် Viettel Post ကိုလည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဟိုချီမင်း၏ဂုဏ်မောနှံ၊ One Pillar Pagoda ကိုလည်းကောင်း၊ ပထမဆုံးရှေးဟောင်းတက္ကသိုလ်၊ Hoan Kiem ကန်ပတ်ဝန်းကျင်တွင် လမ်းလျှောက်လေ့လာခဲ့သည့်အပြင်၊ ကမ္ဘာလှည့် ခရီးသွားများအကြား ထင်ရှားရေပန်းစားသော Hanoi Train Street ကိုလည်းကောင်း၊ Hoa Lo အကျဉ်းထောင်ဟောင်း တို့ကိုလည်းကောင်း လေ့လာလည်ပတ်ခဲ့ကြသည်။



အလားတူ အောက်တိုဘာ ၂၄ ရက်တွင် ဟွာလူး (Hoa Lu)မြို့ (၁၁ ရာစုခေတ်က Dnih နှင့် Le မင်းဆက်တို့၏ ရှေးဟောင်းမြို့တော်)သို့ လည်းကောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ် အဖြစ် သတ်မှတ်ထားသော Trang An (ထရန်အန်း)ရှိ ထုံးကျောက်တောင်များ၊ ရေကန်နှင့်လိုဏ်ဂူများ စီမံလန်းစိုပြည်သော သဘာဝရှုခင်းနေရာများကို သွားရောက်လည်ပတ်ကြခဲ့ကြောင်းနှင့် အောက်တိုဘာ ၂၅ ရက်တွင် ကမ္ဘာကျော် Halong Bay(UNESCO ကမ္ဘာ့အမွေအနှစ်ဆွဲဆောင်ထားနိုင်လဲ ဆိုတာကိုလည်း ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ဒီ Viettel Academy၊ Viettel Global အစရှိတဲ့ သူတို့ရဲ့ နည်းပညာတော်တော်တိုးတက်နေတဲ့၊ တိုးတက်အောင် စွမ်းဆောင်နေတဲ့ ကုမ္ပဏီကြီးကို လေ့လာတဲ့အခါမှာ သူတို့က တစ်ခုပြတယ်။ အဲဒါပြီးသွားလို့ရှိရင် အဲဒါကို ဥပမာ ငါးမိနစ်ဆိုရင် ငါးမိနစ်အတွင်းမှာ အချက်အလက်လေးတွေ မှတ်သားရပါတယ်။ အဲဒါပြင် Kahoot ဆိုတဲ့ အပ်ပလီကေးရှင်းကနေပြီးတော့ ကျွန်မတို့တွေ လေ့လာတဲ့ ကျောင်းသားကျောင်းသူတွေက ကိုယ့်ရဲ့နာမည်နဲ့ ကာရိုက်တာတွေကို ထည့်ပြီးတော့ ကျွန်မတို့မေးခွန်းတစ်ခုချင်းစီကို ဖြေဆိုရပါတယ်။ မေးခွန်းတစ်ခုအတွက် သူက choice တွေ ပေးထားတယ်။ အဲဒီ choice တွေထဲက နေမှ ရွေးပြီးတော့ တစ်ခါဖြေပြီးသွားရင် အမှတ်အများဆုံးက ဘယ်သူလဲဆိုပြီးတော့ မေးခွန်းတစ်ခါဖြေတိုင်း အဲလိုမျိုး စာရင်းပေါ်လာပါတယ်။ အဲဒါဆိုတော့ သူငယ်ချင်းချင်းချင်းလည်း ကိုယ်ကသူထက်အမှတ်သာချင်တယ်ဆိုတော့ အပြိုင်အဆိုင်နဲ့ အဲဒီဗီဒီယိုကလစ်ကိုလည်း သေချာလေး ကြည့်ရှုပြီး သေချာမှတ်သားပြီးတော့ ဖြေဆိုခဲ့ရပါတယ်။ အလွန်လည်း ပျော်ရွှင်စရာ ကောင်းခဲ့ပါတယ်။ ကျွန်မတို့ အခုလို လေ့လာခဲ့တဲ့ အခါမှာ သူတို့ရဲ့ တိုးတက်နေတဲ့ နည်းပညာတွေကိုလည်း အတုယူရပါတယ်။ အဲဒါပြီးတော့ သူတို့ရဲ့ နိုင်ငံရေးကို ဘယ်လိုမျိုး လုပအောင်လုပ်ပြီးတော့ သူတို့ နိုင်ငံရဲ့ နိုင်ငံသားတွေအတွက် စီးပွားရေး အခွင့်အလမ်းတွေ၊ လုပ်ကိုင်ခွင့်လမ်းတွေ အတွက်လည်း သူတို့အများကြီး စွမ်းဆောင် နေတာကို ကျွန်မတို့ တွေ့ရှိခဲ့ရပါတယ်။ ကျွန်မတို့တွေက တက္ကသိုလ်ဝင်တန်းမှာ တစ်နှစ်လုံး ပင်ပင်ပန်းပန်းနဲ့ ကြိုးစားခဲ့ရတယ်။ ပြီးတော့ အခုလိုမျိုး အောင်မြင်မှုတွေ ရရှိခဲ့တယ်။ အခုလို အောင်မြင်မှုတွေရရှိခဲ့တဲ့ အပေါ်မှာ ကျွန်မတို့ကို ဂုဏ်ပြုပေးတဲ့အအနေနဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကြီးက ကျွန်မတို့ကို ပြည်ပလေ့လာရေး ခရီးစဉ်ကို စေလွှတ်ပေးခဲ့ပါတယ်။





၁



၂

အဲဒီအတွက်လည်း ကျွန်မတို့ကအသိပညာတွေ၊ဗဟုသုတတွေ၊ အတွေ့အကြုံတွေလည်း အများကြီးရခဲ့ပါတယ်။ အဲဒါတွေကို ကောင်းကောင်း အသုံးချပြီးတော့ ကျွန်မတို့နိုင်ငံကြီးကိုလည်း ပိုပြီး တိုးတက်အောင်၊ ကြီးပွားအောင် ကျွန်မတို့ဘက်ကလည်း စွမ်းဆောင်သွားမှာပါရှင်။

၂။ အခုကျွန်မတို့ဗီယက်နမ်နိုင်ငံသွားခဲ့တာကတော့ အောက်တိုဘာ ၂၀ ရက်ကနေ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ် သွားခဲ့တာဖြစ်ပါတယ်။ ခြောက်ညအိပ် ခုနစ်ရက်အတွင်းမှာ ကျွန်မတို့ဗီယက်နမ် နိုင်ငံရဲ့ ယဉ်ကျေးမှု၊ အမွေအနှစ်တွေအကြောင်းကိုလည်း လေ့လာခဲ့ရတယ်။ ပြီးတော့ ဗီယက်နမ်နိုင်ငံရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေနဲ့ နောက်ဆုံး Viettel ကုမ္ပဏီနဲ့ FPT ကုမ္ပဏီတို့ရဲ့ တိုးတက်ပြောင်းလဲမှုတွေရယ်၊ သူတို့ရဲ့ သမိုင်းကြောင်း အခြေအနေတွေကို ကျွန်မတို့ လေ့လာခဲ့ရပါတယ်။ ကျွန်မတို့ အောက်တိုဘာ ၂၂ ရက် သွားတဲ့ခရီးစဉ်မှာဆိုရင် ဒီ Viettel ကုမ္ပဏီရဲ့အကြောင်းကို လေ့လာရတယ်။ အဲဒီ Viettel ကုမ္ပဏီမှာ ဆိုရင် သူ့ရဲ့ ဗီသုကာမြောက်တဲ့ အဆောက်အအုံ တွေလည်း ရှိတယ်။ ပြီးတော့ ခေတ်နဲ့အညီ တိုးတက် ပြောင်းလဲနေတဲ့ နည်းပညာအမျိုးအစားအမျိုးမျိုး လည်းရှိတယ်။ အဲဒီအကြောင်း တွေကိုလည်း ကျွန်မတို့ လေ့လာခဲ့ရတယ်။ ပြီးတော့သူတို့က ဒီမတိုင်ခင်မှာ သူတို့ရဲ့အကြောင်းကို ရိုက်ကူးထားတဲ့ Short Film တစ်ခုလည်း ပြတယ်။ Short Film တစ်ခု အကြောင်းနဲ့ ပတ်သက်ပြီးတော့ သူနဲ့ဆက်စပ်တဲ့ အကြောင်းအရာတွေကို မေးမြန်းတဲ့ ဂိမ်းကစားနည်းတစ်ခုလည်း ပြုလုပ်ခဲ့ပါသေးတယ်။ ကျွန်မကတော့ အဲဒီဂိမ်းကစားနည်းမှာ ပထမရရှိခဲ့တဲ့ ဆုရှင်ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ သူငယ်ချင်းနဲ့အတူ ပျော်ပျော်ပါးပါးကစားရင်းနဲ့ ရရှိခဲ့တဲ့ဆုဖြစ်တဲ့အတွက် အမှတ်တရကောင်းများစွာကိုလည်း ဖန်တီးပေးနိုင်သလို ညီမက ဘဝတစ်ဆင့်ချိုးအမှတ်တရ တစ်ခုဖြစ်တဲ့ Grade 12 စာမေးပွဲ ပြီးဆုံးပြီး နောက်မှာရရှိတဲ့ နောက်ထပ်ထပ်ဆောင်း ဆုတစ်ခုဖြစ်တဲ့ အတွက်ကြောင့်ဖိုရှိလို့ အမှတ်တရဖြစ်တဲ့အပြင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ရှင်။

**သတင်းစဉ်**

## လပွတ္တာမြို့နယ်၌ ရေရှားပါးပြတ်လပ်မှုမရှိစေရေး ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**လပွတ္တာ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကုက္ကိုကျေးရွာ၊ ကညင်ကွင်းကျေးရွာ၊ ခနိချောင်းကျေးရွာနှင့် ဆင်သေကျေးရွာတို့တွင် စူပါအယ်နီညိကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဦးစီးမှူး၊ လပွတ္တာခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကုက္ကိုကျေးရွာ၊ ကညင်ကွင်းကျေးရွာ၊ ခနိချောင်းကျေးရွာနှင့် ဆင်သေကျေးရွာတို့ရှိ မြေသားမိုးရေလှောင်ကန်များမှ သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနသို့ဆက်သွယ်၍ အကူအညီရယူနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများအား မှာကြားသည်။

လပွတ္တာမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများ၌ စူပါအယ်နီညိကြောင့် ရေပြတ်လပ်မှုမဖြစ်ပေါ်စေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များမှ ရေကိုစနစ်တကျဖြန့်ဝေသုံးစွဲနေမှုနှင့် တခြားသောရေအရင်းအမြစ်များမှ ရေဂါလန် ၂၀၀၀ ဆုံစက်လှေများဖြင့် နေ့စဉ်ရေဂါလန် ၄၀၀၀ ကျော် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**အာကာ**

## လူငယ်နှင့် ဘဝအောင်မြင်ရေး

# ကိုယ့်အစွမ်းကို ပြရမည်

**ဗဟုသုတ ပညာအမျိုးမျိုးတို့ကို အစုံတတ်ခြင်းသည် ကောင်း၏။ သို့သော် ပညာအမျိုးမျိုးအနက် စူးစိုက်လေ့လာလိုက်စားသင့်သော အတတ်နှစ်မျိုးသာ ရှိအပ်ပေသည်။**

**ပီမိုးနင်း**

လူတို့၏ အဘယ်မျှပင် ကောင်းသောအရည်အချင်း သတ္တိအစွမ်းရှိစေကာမူ မပြလျှင်မပေါ်နိုင်၊ ပြမှ ပေါ်နိုင်လေသည်။ အချို့သော ယောက်ျားပျိုတို့သည် မိမိတို့၌ရှိသော အစွမ်းသတ္တိတို့ကိုပြဖို့ရန် ရှက်ကြ၏။ အချို့ကား ကြွားသည်ဟု အထင်ခံရမည်ကို ကြောက်ကြ၏။ အချို့ကား ငါ့အစွမ်းကို နောက်မှ ပြမည် အချက်ပေါ်မှသိစေမည်ဟူသော ပညာရှိစိတ်မျိုးထားကြ၏။ ထိုစိတ်မျိုးသည် ကောင်း၏၊ မြတ်၏။ သို့သော်လည်း ယခုခေတ်အခါသမယ၌ ထိုကဲ့သို့ အချိန်အခါကို စောင့်ဆိုင်းသော ဣန္ဒေကြီး၍ နေကြမည်ဆိုလျှင် မိမိတို့လောက် အရည်အချင်းမရှိဘဲ မိမိတို့ထက် ဟန်ကောင်းသူတို့မှာ မိမိတို့အရင် စားလမ်းပွင့်တတ်လေသည်။

မိမိမစွမ်းသော ဌာန၊ မိမိမနိုင်သော အလုပ်တို့၌ မိမိတို့မှာရှိသော အရည်အချင်းထက် ပိုမိုကြွားဝါပြောဆိုဖို့ရန် ကျွန်ုပ်တို့ဆိုလိုသည်မဟုတ်။ မိမိ၌ အဟုတ်တကယ်၊ အစွမ်းသတ္တိရှိသလောက်ကို ကုန်စင်အောင်ဖော်ပြဖို့ ဆိုလိုရင်းဖြစ်ပေသည်။

ထိုကဲ့သို့ မှန်သလောက် အစွမ်းသတ္တိကို ဖော်ပြခြင်းသည် မကောင်းသောအရာမဟုတ်၊ တက်ကြွကြွားဝါခြင်းလည်းမဟုတ်ပေ။ ယခုကာလ သက်သေခံလက်မှတ်များ၊ အတန်းစာမေးပွဲအောင်သောလက်မှတ်များသည် ထိုကဲ့သို့ ဟုတ်တိုင်းမှန်ရာ စွမ်းရည်သတ္တိကို ဖော်ပြထိုက်ကြောင်း ကောင်းသော ထောက်ခံချက်များ ဖြစ်ကြလေသည်။

အချို့သောသူတို့မှာ မာနတစ်မျိုးရှိ၏။ ထိုမာနသည်ကား မည်သည့်အရပ်မှာမဆို မသိမတတ်ဟူသော အထင်အမြင်ကို မခံလိုသောမာနဖြစ်လေသည်။ ထိုမာနအစွမ်းဖြင့် ခပ်သိမ်းသောအလုပ်၊ ခပ်သိမ်းသောအတတ်၊ ခပ်သိမ်းသောပညာတို့ကို လိုက်စားလျက် အဘယ်အတတ်မှာမျှ လေးလုံးမကွဲဘဲ အပြောသာတတ်၍ အလုပ်၌ လူ့အောက်ကို ကျတတ်လေသည်။

**ဗဟုသုတ ပညာအမျိုးမျိုးတို့ကို တတ်ခြင်းသည်ကောင်း၏။ သို့သော်လည်း အမျိုးမျိုးသော ပညာတို့အနက် ချစ်ချစ်ခင်ခင် စူးစူးစိုက်စိုက် လေ့လာလိုက်စားသော အတတ်မျိုး နှစ်မျိုးရှိအပ်ပေသည်။ ထိုအတတ်ပညာမျိုး၌ကား မိမိကိုယ်ကို အောက်တန်းမကျအောင် ကြိုးစားရာ၏။ အခြားပညာကို ထုတ်ဖော်၍ ကြွားဝါဖို့မလိုပေ**

စာရေးဆရာကြီးတစ်ယောက်ရှိဖူး၏။ ၎င်းဆရာကြီးသည် ရာဇဝင်၌ မိမိကိုယ်ကို တစ်ဖက်ကမ်းခပ်သည်ဟုထင်လျက် မိမိကိုယ်ကို ပြိုင်ဘက်မရှိသလောက် ပြောလေ့ရှိ၏။ ဗေဒင်အရာ၌ ကဝိစိန္ဓာတို့ကပင် မိမိကို ကြောက်ရသည်ဟုဆို၏။ ဂီတအရာ၌ အကြေအညာ နှစ်တိုင်းနှစ်ရပ်မှာ မိမိနှင့် တူသူမရှိ၊ ဆန်းအလင်္ကာ အစီအကုံး အနှုန်းအဖွဲ့အရာ၌ ငါတစ်ဦးတည်းသာတတ်သည်။ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တန်၊ အင်္ဂဝိဇ္ဇာဓာတ်ရိုက်ရာ၌ အတုလဆရာတော်တစ်ပါးဖြစ်သည်။ ဆေးဖက်ဓာတ်ဖက်၌ ငါနှင့်ငါသာ နှိုင်းစရာဖြစ်သည် စသည်ဖြင့် ရဲတင်းစွာပြောလေ့ရှိ၏။ ထိုဆရာကြီးပြောသည့် အတိုင်းလည်း ဗဟုသုတနှင့်ပြည့်စုံ၏။ သို့သော်လည်း ၎င်းအတတ်ဟူသမျှ၌ မည်သည့်အတတ်မှာမှ တစ်ဂဏန်းမဖောက် လုပ်သမျှသောအလုပ်၌ မိမိထက်သာသောသူများနှင့်သာတွေ့၍ အောက်ကျ နောက်ကျ အသက်မွေးရလေသည်။ ၎င်းသည် စင်စစ်အားဖြင့် အတတ်ပညာတစ်ခုခုကိုမှ ချစ်ခင်၍ သင်သူမဟုတ်။ ငါတတ်သည်ဟုပြောရုံမျှ သင်ကြားလေ့လာခဲ့သူဖြစ်လေသည်။

ဗဟုသုတပညာအမျိုးမျိုးတို့ကို တတ်ခြင်းသည်ကောင်း၏။ သို့သော်လည်း အမျိုးမျိုးသော ပညာတို့အနက် ချစ်ချစ်ခင်ခင် စူးစူးစိုက်စိုက် လေ့လာလိုက်စားသော အတတ်မျိုး နှစ်မျိုးရှိအပ်ပေသည်။ ထိုအတတ်ပညာမျိုး၌ကား မိမိကိုယ်ကို အောက်တန်းမကျအောင် ကြိုးစားရာ၏။ အခြားပညာကို ထုတ်ဖော်၍ ကြွားဝါဖို့မလိုပေ။ ထိုကဲ့သို့သော သူတို့သည် မိမိတို့ဆိုင်ရာ တစ်ခုခုသော အတတ်ပညာဖြင့် ကြီးပွားမြဲဖြစ်လျက် အလုပ်လုပ်ရာ၌ လူ့အောက်မှ လွတ်လပ်လျက် စိတ်၏ချမ်းသာခြင်းကို ရမြဲဖြစ်၏။ ထိုကဲ့သို့သော တစ်ခုကောင်းပညာမျိုး၌ အစွမ်းကို ရဲရင့်စွာပြုကြရမည်။ မိမိတို့နှင့် မဆိုင်သော အတတ်ပညာတို့၌ကား ကြွားဝါ၍ အစွမ်းပြချေက 'ငါးသိုင်းများ ဟင်းဟုံသည်" ဟူသော စကားလိုဖြစ်တတ်လေသည်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ







**နေပြည်တော် အောက်တိုဘာ ၂၇**

ကျောင်းသား လူငယ်များအားမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်း အားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)မှာ အရင်တုန်းက အသုံးပြုခဲ့တဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ စတင်ဖွဲ့စည်းခဲ့တဲ့ ခုနှစ်တွေ၊ စက်ပစ္စည်းအစိတ်အပိုင်းတွေနဲ့ပတ်သက်ပြီး မသိခဲ့တာတွေ အများကြီးသိခဲ့ရပါတယ်။ တာဝန်ရှိသူတွေကလည်း အများကြီး ရှင်းပြတဲ့အတွက် မသိတာတွေအများကြီး သိလိုက်ရတယ်။ တခြား မောင်ငယ် ညီမငယ်တွေကိုလည်း ပြန်ပြောနိုင်လောက်အောင် အသိအမြင် အများကြီး ရလိုက်ပါတယ်။ မမြင်ဖူးတာတွေ၊ မသိခဲ့တဲ့ သမိုင်းတွေကိုလည်း သေသေချာချာ ရှင်းပြတဲ့အတွက် အကုန်လုံးကို သိလိုက်ရပါတယ်။

၂။ စစ်သမိုင်း ပြတိုက်ကို ဘာကြောင့် လေ့လာရသလဲဆိုတော့ ကျွန်တော်တို့ နေနေတာ မြန်မာနိုင်ငံဆိုတော့ မြန်မာနိုင်ငံရဲ့ အကြောင်းအရာတွေ၊ ပြီးတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ စစ်ပညာတွေလေ့လာရတဲ့အတွက်ကြောင့် နောင်ကျရင် လေတပ်မှာ ပါဝင်ချင်လည်းရတယ်။ ကြည်းတပ်မှာပါဝင်ချင်ရင်လည်း ပါဝင်လို့ရတဲ့ အခွင့်အရေး အလားအလာတွေကို သိရှိခွင့်ရခဲ့ပါတယ်။ အဲဒါကြောင့် အများကြီး ဝမ်းသာမိပါတယ်။ ပြီးတော့ ကိုယ်နေတဲ့ မြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ ဘုရင်တွေ၊ ဗိုလ်ချုပ်တွေ၊ ဗိုလ်ကြီးတွေရဲ့ အကြောင်းအရာတွေကို လေ့လာရတဲ့အတွက် စာတွေ့သာမက အပြင်ပတ်ဝန်းကျင် ဗဟုသုတတွေရရှိတဲ့အတွက် ဝမ်းသာမိပါတယ်။ နောက်ပြီး ကျောင်းသား ကျောင်းသူတွေလည်းလာခဲ့ပါလို့၊ လိုက်ရှင်းပြတဲ့ ဗိုလ်ကြီးတွေက အစ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးနဲ့ ကျွန်တော်တို့ သိချင်တာ အကုန်လုံးကိုလည်း ရှင်းပြပေးတယ်။ အဲဒီလိုရှင်းပြပေးတဲ့အတွက် ကျွန်တော်တို့သိချင်တာတွေ သိရှိခဲ့ရတယ်။ လူငယ်ဘဝမှာ လိုအပ်တဲ့ဗဟုသုတတွေလည်း ရရှိတာဖြစ်တဲ့အတွက်ကြောင့် လာခဲ့ပါလို့ ကျောင်းသား ကျောင်းသူတွေကို ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေး မောင်းနှင်အားသစ်ဖြစ်လာမည့် ခေတ်မီဝါဝိုက်ပျိုးရေး

## ကိုဘုန်း

ရွှေရောင်ဝင်းလက်နေသော နေခြည်နုနုသည် အညာဒေသ၏ ခြောက်သွေ့သောလေပြည်နှင့်အတူ ကျယ်ပြောလှသော ဝါခင်းပြင်ကြီးပေါ်သို့ ဖြာကျနေသည်။ ဖွေးခနဲ၊ ဖြူခနဲ ပွင့်အာနေသော ဝါပွင့်လေးများသည် အဝေးမှလှမ်းကြည့်လျှင် မြေကတ္တီပါစိမ်းပေါ်တွင် ဆီးနှင်းပွင့်များ ကြွေကျနေသည့်အလား မျက်စိပသာဒဖြစ်ဖွယ်ရာ တွေ့မြင်ရပေမည်။ ဤဖြူလွလွ ဝါပွင့်လေးများသည် မြန်မာ့လယ်ယာကဏ္ဍအတွက် အလှတရားသက်သက်မျှသာမဟုတ်ဘဲ နိုင်ငံ၏လူမှုစီးပွားဘဝကို လက်တွေ့ကျကျ ပြောင်းလဲပေးနိုင်စွမ်းရှိသော၊ တိုင်းပြည်၏စီးပွားရေးယန္တရားကို အားကောင်းကောင်းဖြင့် လည်ပတ်စေမည့် “ရွှေဖြူ” (White Gold) များပင် ဖြစ်ကြပေသည်။



လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး (၃) ရပ်တွင် စားရေရိက္ခာပြီးလျှင် ဝတ်ဆင်ရေးသည် ဒုတိယအရေးကြီးဆုံးဖြစ်၏။ မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံး သက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ရာ ယင်းလုပ်ငန်းများကို အမှန်တကယ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်ကို များစွာအကျိုးပြုနိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအထဲတွင် နိုင်ငံသားတိုင်း နေ့စဉ်မရှိမဖြစ် လိုအပ်လျက်ရှိသော အဝတ်အထည်များအတွက် ကုန်ကြမ်းဖြစ်သည့် “ဝါ” စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သော အဓိကမဏ္ဍိုင်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေပေသည်။

### အရေအတွက်မှသည် အရည်အသွေးဆီသို့ ခြေလှမ်းသစ်

သမားရိုးကျ စိုက်ပျိုးရေးခေတ်ကာလများတွင် ကျွန်ုပ်တို့သည် စိုက်ကေ မည်မျှတိုးခဲ့နိုင်ခဲ့သည်၊ အထွက်နှုန်း မည်မျှရရှိခဲ့သည်ဆိုသော “အရေအတွက်” (Quantity) ကိုသာ အဓိကထား တိုင်းတာခဲ့ကြသည်။ သို့သော် ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စွေးနွှက်ယှဉ်ပြိုင်မှု ပြင်းထန်လာသောခေတ်တွင် အရေအတွက်သက်သက်ဖြင့် ရပ်တည်၍မရနိုင်တော့ပေ။ ဝါစိုက်ပျိုးရေးလုပ်ငန်းများကို အရေအတွက်မှသည် အရည်အသွေး (Quality) သို့ မဖြစ်မနေ ကူးပြောင်းမြှင့်တင်ကြရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။

ဝါသီးနှံ၏ အရည်အသွေးဟုဆိုရာတွင် ဝါဂွမ်း၏ ဖြူစင်တောက်ပသော အရောင်အဆင်း၊ ဆွဲဆောင်မှုရှိမှုတို့အပြင် စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုရာတွင် အရေးပါဆုံးဖြစ်သော အမျှင်အရှည် (Staple Length)၊ အမျှင်၏ခိုင်ခံမှု (Tensile Strength) နှင့် သေးသွယ်နူးညံ့မှု (Micronaire) စသည့် တိကျသော စံချိန်စံညွှန်းများ ပြည့်မီရန် အထူးလိုအပ်လှသည်။ ထိုသို့ စံချိန်စံညွှန်းမီ အရည်အသွေးမြင့်မားသော ဝါဂွမ်းများ ထုတ်လုပ်နိုင်မှသာလျှင် ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးမီ ကုန်ကြမ်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး နောက်တစ်ဆင့်ဖြစ်သော တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) လုပ်ငန်းများဆီသို့ ခိုင်ခိုင်မာမာ ခြေလှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် တစ်ကေပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ကြိုးပမ်းခြင်းနှင့်အတူ မိမိတို့ထွက်ရှိလာသော ဝါဂွမ်းများ၏ အရည်အသွေးကိုပါ ကမ္ဘာ့အဆင့်မီဖြစ်အောင် စနစ်တကျပြုစုပျိုးထောင်ကြရန် လိုအပ်လှပေသည်။

### အောင်မြင်သော ဝါစိုက်ပျိုးရေးအတွက် အခြေခံအုတ်မြစ် (၄) ရပ်

ဝါစိုက်ပျိုးရေးလုပ်ငန်းကို ဒေသဝန်းစာဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ် (၄) ရပ်ကို စနစ်တကျအသုံးချရန် အလွန်ပင်အရေးကြီးလှပါသည်။

**မျိုး (Seed)** – စိုက်ပျိုးရေးတွင် မျိုးသည် အဓိကဖြစ်သည်။ မျိုးကောင်းမျိုးသန့်ဖြစ်ရေးသည် ဝါစိုက်ပျိုးရေး၏ ပထမဆုံးနှင့် အရေးအကြီးဆုံး သော့ချက်ဖြစ်သည်။ အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဒေသရာသီဥတုနှင့် ကိုက်ညီသော ချည်မျှင်ရှည်ဝါ (ဥပမာ – ငွေချည်၊ ရွှေတောင်မျိုးကွဲများ) ကို ရွေးချယ်စိုက်ပျိုးရမည်။ မျိုးစေ့များမစိုက်ပျိုးမီ မျိုးစေ့အညှောက်ပေါက်နှုန်းကောင်းမွန်စေရန်နှင့် မျိုးစေ့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကင်းစင်စေရန် စနစ်တကျ မျိုးစေ့လူးနယ်ဆေးများ အသုံးပြုခြင်း၊ သုတေသနပြု မျိုးစပ်ထားသော မျိုးရင်းများကို တောင်သူများ လက်ဝယ်သို့ အချိန်မီဖြန့်ဝေပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ရပါမည်။

**မြေ (Soil)** – မျိုးကောင်းသော်လည်း မြေမကောင်းလျှင် အပင်ဖြစ်ထွန်းမှုအားနည်းတတ်သည်။ ဝါပင်သည် ရေစီးဆင်းမှုကောင်းမွန်ပြီး မြေဆီဩဇာထက်သန်သော မြေအမျိုးအစားကို နှစ်သက်သည်။ ထို့ကြောင့် မြေယာများကို စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း၊ မြေဆီလွှာစမ်းသပ်မှု (Soil Test) များ ပြုလုပ်၍ မြေအချဉ်အငန်ဓာတ် (pH) ကို ညှိပေးခြင်းများ ပြုလုပ်ရမည်။ ထို့အပြင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ (နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်) ကို အချိုးကျမှန်ကန်စွာ စနစ်တကျထည့်သွင်းပေးခြင်းဖြင့် ဝါပင်များသန်စွမ်းစွာ ကြီးထွားလာစေရန် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။

**ရေ (Water)** – စိုက်ပျိုးရေးလုပ်ငန်းများအတွက် သန့်ရှင်းသောရေကောင်းရေသန့်နှင့် အောင်ရေရရှိရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ဝါသီးနှံသည် ရေငတ်ခံနိုင်သော အပင်မျိုးဖြစ်သော်လည်း ပန်းပွင့်ချိန်နှင့် ဝါသီးကင်းဝင်ချိန်များတွင် အစိုဓာတ်လုံလောက်စွာရရှိရန် အထူးလိုအပ်ပါသည်။ သို့သော် ရေဝပ်ခြင်းကိုမူ လုံးဝမနှစ်သက်ပေ။ ထို့ကြောင့် မိုးခေါင်ရေရှားသည့် အညာဒေသများတွင် ရေကို ချွေတာသုံးစွဲနိုင်သော ဓာတ်မိအစက်ချရေသွင်းစနစ် (Drip Irrigation) များကို အသုံးပြုခြင်း၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ခြင်းဖြင့် ရေကိုအပြည့်အဝရရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

**နည်းစနစ် (Technique)** – ခေတ်မီစိုက်နည်းစနစ်များ အသုံးပြုခြင်းသည် အထွက်နှုန်းနှင့် အရည်အသွေးကို သိသိသာသာတိုးတက်စေပါသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices – GAP) ကို မဖြစ်မနေ လိုက်နာကျင့်သုံးရန် လိုအပ်လာသည်။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးဝါးများကိုသာ အလွန်အကျွံ အားကိုးခြင်းမပြုဘဲ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ် (IPM) ကို အသုံးပြုခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း စသည့် ခေတ်မီနည်းစနစ်များကို အသုံးချရပါမည်။ ဤသို့ စနစ်တကျဖြစ်စေရန်အတွက် စိုက်ပျိုးရေးပညာရှင်များကအမြဲမပြတ်သုတေသနပြုလေ့လာသုံးသပ်ပြီး တောင်သူများထံသို့ နည်းပညာများ လက်ဆင့်ကမ်း အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

### တန်ဖိုးမြှင့်ထုတ်ကုန် (Value-added) နှင့် ပြည်ပပို့ကုန်အလားအလာ

ဝါဂွမ်းများကို ခူးဆွတ်ပြီးနောက် ဝါဂွမ်းကြမ်းအတိုင်း ပြည်ပသို့ရောင်းချခြင်းသည် တိုင်းပြည်အတွက်ရသင့်ရထိုက်သော စီးပွားရေးအကျိုးအမြတ်ကိုဆုံးရှုံးစေပါသည်။ ထို့ကြောင့် ဝါမှတစ်ဆင့် ချည်မျှင်၊ ချည်မျှင်မှတစ်ဆင့် အထည်အလိပ် (Textile) နှင့် အဝတ်အထည် (Garment) များအဖြစ် အဆင့်ဆင့် တန်ဖိုးမြှင့် (Value-added) ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရပါမည်။ ထို့ကြောင့် ဝါစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေပြင်အနေအထားတို့နှင့် အလွန်ကိုက်ညီပြီး အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အရေအတွက်ကိုသာမက အရည်အသွေးကိုပါ အလေးထားခြင်း၊ ဒေသတွင်း ဖူလုံရေးမှသည် ပြည်ပပို့ကုန်အဖြစ် တိုးချဲ့ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးခြင်းတို့ကို စနစ်တကျအကောင်အထည်ဖော်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအုတ်မြစ်များကို သုတေသနပြု လေ့လာသုံးသပ်ချက်များနှင့်အညီ စနစ်တကျ ပေါင်းစပ်အသုံးချသွားရန် လိုအပ်လှပါသည်။

နိုင်ငံတော်အစိုးရ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူလယ်သမားများအားလုံး ဟန်ချက်ညီညီ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ဖြူလွလွ ဝါပွင့်လေးများသည် လယ်ကွင်းများအတွင်းမှ ခေတ်မီစက်ရုံများဆီသို့ ထိုမှတစ်ဆင့် ကမ္ဘာ့စွေးနွှက်ဆီသို့ ဂုဏ်ယူဝင့်ကြွားစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့ခေတ်မီ ဝါစိုက်ပျိုးရေးလုပ်ငန်းသည် မိမိတို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးနှင့် အခိုင်မာဆုံးသော “စီးပွားရေးမောင်းနှင်အားတစ်ရပ်”အဖြစ် မလွဲမသွေ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**“ဝါဂွမ်းများကို ခူးဆွတ်ပြီးနောက် ဝါဂွမ်းကြမ်းအတိုင်း ပြည်ပသို့ ရောင်းချခြင်းသည် တိုင်းပြည်အတွက် ရသင့်ရထိုက်သော စီးပွားရေး အကျိုးအမြတ်ကိုဆုံးရှုံးစေပါသည်။ ထို့ကြောင့် ဝါမှတစ်ဆင့် ချည်မျှင်၊ ချည်မျှင်မှတစ်ဆင့် အထည်အလိပ် (Textile) နှင့် အဝတ်အထည် (Garment) များအဖြစ် အဆင့်ဆင့် တန်ဖိုးမြှင့် (Value-added) ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရပါမည်။ ခေတ်မီစက်ယန္တရားများအသုံးပြုကာ အရည်အသွေးမြင့် ချည်ထည်များအဖြစ်ထုတ်လုပ်၍ နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်နိုင်”**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တော်ဝင်မင်းသား မင်းသမီးလေးများ၏ အနောက်တိုင်းရာဇဝင်သမိုင်း

(ဘီစီ ၃၃၆ မှ အေဒီ ၁၇၈၅)

ဦးတိုး (တက္ကသိုလ) ဘာသာပြန် ရေးသားထားသည့် တော်ဝင်မင်းသား မင်းသမီးလေးများ၏ အနောက်တိုင်းရာဇဝင်သမိုင်း (ဘီစီ ၃၃၆ မှ အေဒီ ၁၇၈၅)စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် မဟာအလက်ဇန္ဒား(ဘီစီ ၃၃၆)၊ ကလေးသူခိုး၊ တော်ဝင်မင်းသမီးလေး ဟယ်လင်နာ၊ တော်ဝင်မင်းသား အာသာ၊ နေဝင်ဝေနိုင်ငံက တော်ဝင်မင်းသမီးလေး၊ ပြင်သစ်က မိဖုရားကလေး အစ္စဘယ်လ်၊ ရဲတိုက်အတွင်းက တော်ဝင်မင်းသားများ၊ ဆွီဒင်ကကောင်းကလေး ဂျစ်တာဗာ့ခ်ဗာစ္စ၊ ဘုရင်ကလေး ဆင္ဒမခြောက် အက်ဒဝပ်၊ အဖော်မဲ့ တော်ဝင်မင်းသမီးလေး (ပထမမြောက်) ချာစ်ဘုရင်၏သမီးတော် အဲလီဇာဘက်)။ အကျဉ်းကျ အိမ်ရှေ့မင်းသားလေး ဒေါ်ဖင် လူဝီးချာစ်-အေဒီ ၁၇၈၅ တို့ပါဝင်သည်။ မြန်မာ့သမိုင်းကိုသာ ဖတ်ဖူးကြသော စာသင်သားအရွယ် ကလေးများမှစ၍ ဗဟုသုတ တိုးပွားစေရန်အတွက် OXFORD HISTORY READERS စာအုပ်တွင်ပါဝင်သော တော်ဝင်မင်းသား မင်းသမီးလေးများ၏ သမိုင်းကို လေ့လာဖတ်ရှုစေလိုသော စေတနာဖြင့် စာရေးသူ ဦးတိုး (သက္ကသိုလ)က ဘာသာပြန်ဆိုပေးထားခြင်းဖြစ်သည်။



စာအုပ်ကို ကိုလတ်စာပေ၊ ဖုန်း ၀၉၅၀၂၀၀၆၈၊ အမှတ် (၂၂၀) ဥာဝ လမ်း အပေါ်ဘလောက် ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

## မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ

ကိုကိုချို (ချောက်) ရေးသားသည့် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း) စာအုပ် ထွက်ရှိလာသည်။

မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ (ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း) စာအုပ်တွင် ပထမအကြိမ်ပုံနှိပ်ခြင်းနှစ်ပါဝင်ခဲ့သည့် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ဆိုသည်မှာ၊ ဘဝသစ်အတွက် လှေစီးသွားလာသူများ၊ ဘဝသစ်အတွက် လှေစီးသွားလာသူများ (ဖြည့်စွက်စာ)၊ ကျွန်တော်နှင့် ဘာရှနိုင်းပြည်သူများ၊ ကျွန်တော်နှင့် ဘာရှနိုင်း ပြည်သူများ(ဖြည့်စွက်စာ)၊ Multilateral Diplomacy ဟုဆိုရာတွင်၊ Conference Diplomacy နှင့် Multilateral Diplomacy တို့ ဆုံစည်းရာ၊ Mediation အကြောင်းတစေ့တစောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် ... စသည့်ဆောင်းပါးများအပြင် ဘေးကင်းရန်ရှောင်သံတမန်ရေး၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများအကြား တတ်သိပညာဖိုရမ်ဆွေးနွေးချက်နှင့် သမိုင်းကပြောသော ကမ္ဘာ့နိုင်ငံများ အကြောင်း စသည့်ဆောင်းပါးများ ဖြည့်စွက်ရေးသားထားသည်။



စာအုပ်ကို စာပေလောကပုံနှိပ်တိုက်တွင် ပုံနှိပ်ပြီး ဒေါ်စိုးစိုးဝင်း၊ ပြီးသမီးစာပေ(၀၃၁၃၁)၊ အမှတ် (၂၇) သရက်တော ၁ လမ်း သရက်တော(မြောက်)ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် စာပေလောကနှင့် အခြားစာအုပ်ဆိုင်များ (သို့မဟုတ်) ဖုန်း ၀၉၄၂၀၂၂၂၈၃၃ (Viber) သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။



## သမီးလေးရဲ့ ကျောင်းသွားချိန်နှင့် အခြားကလေးကဗျာများ

မောင်စုမြင့် (ညောင်လေးပင်)၊ တေးရတု (ညောင်လေးပင်)၊ လင်းထင်ကျော် (ညောင်လေးပင်) တို့ရေးသားထားသည့် သမီးလေးရဲ့ ကျောင်းသွားချိန်နှင့် အခြားကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် မောင်စုမြင့် (ညောင်လေးပင်)၏ မောင်ရွှေလုံး အားဆေး၊ စတုဒိသာသွားစားမယ်၊ ကိုကိုဆင်ကြိုး၊ အယောင်ဆောင်သမားလေး၊ တေးရတု (ညောင်လေးပင်)၏ ပန်းသည်လေး၊ ကျေးဇူးရှင်မေမေ၊ ဆည်းလည်းလေး၊ အလုပ်ကိုယ်စီ၊ ရေချိမ်းစင်၊ ချိုသာစွာပြောမယ်၊ သင်ပန်း၊ အမြတ်ဆုံးရတနာ၊ ဘုံကထိန်ပွဲ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဝါကျွတ် ချိန်ခါတို့ကျေးရွာ၊ မွေးနေ့ရှင် အကွရာလေးများ၊ အိုးပုတ်စျေးသွားမယ်၊ စျေးသည်ကြီး၊ အလှစစ်၊ ကျောင်းပိတ်ရက် ဘုရားဖူးခရီး၊ စာခြောက်ရုပ်၊ လင်းထင်ကျော် (ညောင်လေးပင်)၏ သမီးလေးရဲ့ ကျောင်းသွားချိန်၊ စီးဆောလေး၊ ကမ်းခြေလေး၊ ဆင်ကလေး၊ အိုးပုတ်လေး၊ အပင်လေး၊ အင်းလျားကန်၊ ပုသိမ်ထီး၊ ဝါးတံတား၊ သနပ်ခါး၊ ရွှေစပါး၊ နေလကြယ်၊ ထီးကလေး၊ ဒန်အိုးလေး၊ ငါးကလေး၊ လှောင်းလှေလေး၊ ပင်လယ်ကြီး၊ ဖိုးရွှေလေ၊ ဆုတောင်း၊ ပုရွက်ဆိတ်၊ ကိုကြက်ဖ၊ ကဏန်းလေး၊ ကျောက်တုံးကြီး၊ သင်္ဘောကြီး၊ ရေအိုးလေး၊ စက်ဘီးလေး စသည့်ကဗျာအပုဒ်ပေါင်း ၇၀ ကို သရုပ်ဖော်ပုံများဖြင့် ဖော်ပြထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉၇၉၈၁၃၃၉၇၇၊ ၀၉၇၇၇၁၃၃၉၇၇၊ အမှတ် (၂၁၉) လမ်း ၄၀ (လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

❖ ❖ ❖

## မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်အား အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် ဆီမီးသုံးထောင်၊ ပန်းသုံးထောင်၊ ရေချမ်းသုံးထောင် ကပ်လှူပူဇော်

မြိတ် အောက်တိုဘာ ၂၇

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်တွင် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ သီတင်းကျွတ်လပြည့်ညနေ ၆ နာရီတွင် ဆီမီးသုံးထောင်၊ ပန်းသုံးထောင်၊ ရေချမ်းသုံးထောင် တို့အား ကပ်လှူပူဇော်ကြသည်။



ပန်း၊ ရေချမ်း၊ ဆီမီးများကို ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများက ဘုရားဖူးလာရောက်ကြသည့် ပြည်သူများနှင့်အတူ စေတီတော်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြပြီး စေတီပတ်လည်တွင် ဆီမီးများ တစ်ပြိုင်တည်း ထွန်းညှိပူဇော်ကြကာ ဘုရားရင်ပြင်တွင် မီးဂျူး၊ မီးပန်းနှင့် မီးပုံးပျံများ လွှတ်တင်ခဲ့ကြသည်။

မြိတ်မြို့တွင် သီတင်းကျွတ်လပြည့်နေ့၌ စေတီများ၊ ဘုရား၊ ကျောင်းကန်များတွင် အလှူဒါန ပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းဖြင့် စည်ကားခဲ့ကာ ညချမ်း အချိန် ဆီမီးများ ထွန်းညှိပူဇော် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ထို့အတူ နေအိမ်များ၊ လမ်းများတွင် ဆီမီးများထွန်းခြင်း၊ ရောင်စုံမီး အလှဆင်ခြင်းဖြင့် သီတင်းကျွတ်ပွဲတော်ကို ခွဲပျော်ကြသည်။ ကမ်းနားလမ်းတွင် မီးရှူး၊ မီးပန်းများ၊ မီးပုံးပျံများလွှတ်ခြင်းနှင့် ရောင်စုံမီးအလှများ၊ စျေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေး အစီအစဉ်များတွင်လည်း ပြည်သူများ ပါဝင်လည်ပတ်ခွဲပျော်ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၂၃ ရက်က ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက စည်ပင်သာယာစျေးနှင့် လူစည်ကားရာနေရာများ၌ အပူဒဏ်အန္တရာယ် ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)






# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္ထိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



## ကော့သောင်းမြို့ သီတင်းကျွတ်လပြည့်နေ့ည၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

ကော့သောင်း အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် သီတင်းကျွတ်လပြည့်ညဉ့် ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများတွင် ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်းနှင့် မီးထွန်းပွဲတော်များ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့ညတွင် ကော့သောင်းမြို့ရှိ ဘုရား၊ စေတီပုထိုးများတွင် ဆီမီးပူဇော်ပွဲများကျင်းပခြင်း၊ မီးရှူမီးပန်းများပစ်ဖောက်ခြင်း၊ မီးပုံလွှတ်ခြင်းများ၊ လမ်းမကြီးများ၊ လမ်းသွယ်၊ လမ်းကြား၊ နေအိမ်များတွင် ရောင်စုံအလှမီးသီး၊ မီးချောင်းထွန်းခြင်းများ ပြုလုပ်ကြပြီး စေတနာရှင် အလှူရှင်များက စတုဒိသာကျွေးမွေးခြင်း၊ နို့ဗွာနံစေ့းပွဲတော်များ ကျင်းပခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောက်မဲမြို့၌ သီတင်းကျွတ်ပွဲတော် အထူးစည်ကား

ကျောက်မဲ အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းတွင် မြို့ပေါ်ရှိ ဘုရား၊ စေတီပုထိုးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ သီတင်းကျွတ်ပွဲတော်ဝိတ်ဉ်၌ ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ဒေသခံပြည်သူများသည် စိန္ဓာမုနိဧစတီတော်၊ တီလင်ပရိယတ္တိ စာသင်တိုက်နှင့် မကူဒုဝတီဘုန်းတော်ကြီးကျောင်းတို့၌ ဆီမီး ၁၀၀၀၀၊ ဇ၀၀၀ ဖြင့် အသီးသီး လှပစွာထွန်းညှိပူဇော်ကုသိုလ်ယူကြရာ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ရှင်များဖြင့် စည်းကမ်းတကျစည်ကားခဲ့သည်။

ထို့အတူ စတုဒိသာများ ကျွေးမွေးခြင်း၊ Unplug တီးဝိုင်း၊ ရှမ်းတေးသီချင်းများ၊ ရှမ်းရိုးရာအကအလှများဖြင့် ဖျော်ဖြေခြင်းနှင့် မီးပန်းကုံးများဖြင့် လှပစွာ အလှဆင်ထားရှိမှုတို့ကို လာရောက်လည်ပတ်ကြသည့် ဒေသခံပြည်သူများဖြင့် အလွန်ပင်စည်ကားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ✷ M-League မှ

လမ်းယာဂင်က Chinland အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် သရေဖြစ်ခဲ့သော်လည်း ရန်ကုန်စီးတီးအသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီး အသင်းအတွက် အနိုင်ဂိုးကို ၈၈ မိနစ်တွင် ထွန်းလင်းအောင်က သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီ ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ် ၂၁ ဒုတိယနေ့ကို အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းကွင်း၌ Galaxy အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ တောင်ဒဂုံ ကွင်း၌ Falconအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သီဟဒီပကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ညီညီမင်း(ML)

### ❖ မြန်မာအမျိုးသမီးလိဂ်မှ

ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ငယ်ငယ်ထွေးကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရတနာပုံအသင်းသည် လေးပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြဝတီအသင်း အတွက် ဦးဆောင်ဂိုးကို ၁၂ မိနစ်တွင် မြန့်နင်းဝေက အဝေးကနဲချက်ဖြင့်သွင်းယူခဲ့ပြီး ရတနာပုံ အသင်းအတွက် ချေပဂိုးကို ၃၆ မိနစ်တွင် အသင်းခေါင်းဆောင် ဝင်းသိဂီထွန်းက သွင်းယူခဲ့ကာ အနိုင်ဂိုးများကို ၄၁၊ ၄၇ မိနစ်တွင် မာယူရီနိုက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရတနာပုံအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် မာယူရီနိုကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် ၁၁ နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၈ ရက်တွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Young Lionesses အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MWL

### ☆ ကျောဖုံးမှ

ကျော်ဖြတ်ကာ ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲစဉ် စုစုပေါင်း ၅၁ ပွဲမှာ ၆၁ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းအတွက်တော့ ၁၂ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီမှာတော့ ဘိုင်ယန်မြူးနစ်အသင်းအတွက် ၁၂ ပွဲမှာ ၁၀ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အမျိုးသမီးဘလွန်းဒီအောဆုကိုတော့ ဘာစီလိုနာအသင်းမှ စပိန်ကွင်းလယ်ကစားသမား ပူတဲလက်စ်က ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ပူတဲလက်စ်ဟာ ဘလွန်းဒီအောဆုကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဌေးကြေယ်

### ★ ဖီဖာမှ

ဘဟားမားစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကာဇက်စတန်အသင်းနှင့် တစ်ဂိုးစီ သရေကျပြီး ဂါနာအသင်းကို ခုနှစ်ဂိုး-တစ်ဂိုး၊ ဥဇဘက်ကစ္စတန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ရမှတ် ခုနှစ်မှတ်ရရှိပြီး အဆင့် ၄ နေရာရသဖြင့် Tier D ပွဲစဉ်များ ကစားရခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် အိုမန်အသင်းသည် အောက်တိုဘာ ၂၈ ရက်တွင် ကစားရမည်ဖြစ်သည်။

သတင်း - မွိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF


**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက်အမှတ်-၂၊ မြတ်သီရိလမ်း၊ မြေကွက်အမှတ်-၃၆၊ အကျယ်ပေ(၆၀x၆၀)ရှိ ဒေါစုစုလှိုင်၊ ဦးသန့်ဇော်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား ဒေါစုစုလှိုင်၊ ဦးသန့်ဇော်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေ၏ ပိုင်ဆိုင်မှုဖြစ်သော နှစ်(၆၀)ဂရန်မူရင်းအား ရိုးမောင်း(ရွှေပြည်သာဘောင်ခွဲသို့ ပေါင်နှံ၍ ဘဏ်ချေးငွေယူထားပြီး ရိုးမောင်းသို့ ပေးဆပ်ရန် ကျန်ရှိသော ချေးငွေများအား ဝယ်ယူသူမှရိုးမောင်း၏ အိမ်ရာချေးငွေစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ငွေချေးသူဒေါစုစုလှိုင်၊ ဦးသန့်ဇော်ဦးတို့ အမည်ဖြင့် ဆက်လက်ပေးဆပ်၍ ဝယ်ယူခွင့်ပြုကြောင်းနှင့် ဘဏ်ချေးငွေပေးဆပ်ပြီးချိန်တွင် နှစ်(၆၀)ဂရန်မူရင်းအား ဘဏ်မှချေးထုတ်ပေးပြီး ရောင်းခွန်ပေးဆောင်၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဒေါစုစုလှိုင် [၁၁/စတန(နိုင်)၀၅၂၇၅၅]မှ ကမ်းလှမ်းမြေဆို ရောင်းချခြင်း အပေါ်ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထူးခန့်စိုးမှ ဝယ်ယူရန်အတွက် စရန်နှင့်တစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း နိုင်လုံသော စာရွက်စာတမ်းမှရင်းမြစ်များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးထူးခန့်စိုး**
**[၁၄/ဟသန(နိုင်)၃၂၄၀၁၃]**
**အမှတ်-၃၊ ဓင်းလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါခင်မာလွင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅)**
**အမှတ်-၁၀၂၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၀၉၄၅၅၇**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ မဒ္ဒကုန်းရပ်ကွက်၊ လမ်းကျယ်၊ အိမ်အမှတ်(၂၃/၂၅)၊ မြေညီတွင် နေထိုင်သူများဖြစ်သော ရဟုလ်အာမိန်(ခ)ဦးစိုးမြင့်နှင့် ဒေါအေးအေးမြင့်တို့၏ သားဖြစ်သူ မောင်ကောင်းမြတ်ဟိန်း(၁၂/တမန(နိုင်)၁၃၉၉၄၄)သည် မိဘတို့၏ သဘောထားနှင့်ဆန့်ကျင်၍ ခွင့်မလွှတ်ဆိုင်သော ပြဿု ဆောင်ရွက်ချက်များကို ပြုလုပ်သွားပါသဖြင့် မောင်ကောင်းမြတ်ဟိန်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် မောင်ကောင်းမြတ်ဟိန်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရဟုလ်အာမိန်(ခ)ဦးစိုးမြင့်နှင့် ဒေါအေးအေးမြင့်တို့မှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါခင်စိုးလွ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၀)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၄၄၅၅၇**

**ဦးကျော်ဇော (ခ) ဖောင်ကျိန်ရိတ်နှင့်တကွ အများသိစေရန် ကြေညာခြင်း**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရေအေးကွင်း ရပ်ကွက်၊ ဝန်ကြီးလမ်းခွဲ(၂)၊ အမှတ်(၃၁၅)နေ့ ဒေါဇင်စိုးမွန်(ခ)မိုးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်ဇော(ခ) ဖောင်ကျိန်ရိတ်တို့သည် (၂၉-၆-၂၀၁၇)ခုနှစ်တွင် CB Bank PCL (ယခင်သမဝါယမဘဏ်လီမိတက်)မှ ပူးတွဲချေးငွေရယူခဲ့ပြီး အဆိုပါရယူခဲ့သော ချေးငွေအတွက် ဦးကျော်ဇောသည် ၎င်းအမည်ပေါက် ပိုင်ဆိုင်သော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၇)၊ တိရစ္ဆာန်မွေးမြူရေးရပ်၊ ဦးပိုင်အမှတ် (၆)၊ မြေကွက်အမှတ် (၃၅)၊ ဧရိယာ (၀.၀၉၈)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်အား အာမခံအဖြစ် ပေးအပ်၍ ချေးငွေရယူခဲ့ခြင်းဖြစ်ပါသည်။ ယင်းချေးငွေအတွက် ဘဏ်မှ ဒဂုံမြို့သစ်ဝန်ရိုင်ဂရာရုံးတော်၌ တရားမကြီးမှုအမှတ်- ၈၀/၂၀၂၅ ဖြင့် တရားစွဲဆိုခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှပင် လူကြီးမင်းရယူခဲ့သော ချေးငွေငွေရင်းနှင့် အတိုးငွေတို့အတွက် ကျသင့်သော စရိတ်အားလုံးတို့အား စိုက်ထုတ်၍ လူကြီးမင်း၏ အာမခံအဖြစ် ဘဏ်သို့ပေးအပ်ထားသော မြေကွက်အား ရွေးနုတ်ယူထားခဲ့ရကြောင်း၊ ယခုအချိန်၌ ဦးကျော်ဇော (ခ)ဖောင်ကျိန်ရိတ် အမည်ပေါက် မြေကွက်မှ ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်သာရှိပြီး ဦးကျော်ဇောမှ ကျွန်ုပ်မိတ်ဆွေနှင့် စာရင်းရှင်းလင်း ရွေးထုတ်ယူခြင်း မရှိသေးကြောင်းနှင့် ဘဏ်မှ ရွေးထုတ်ပြီးနောက် ကျွန်ုပ်မိတ်ဆွေက လူကြီးမင်းအတွက် စိုက်ထုတ်ခဲ့ရသော ငွေများအတွက် လာရောက် စာရင်းရှင်း၍ ပြန်လည်ပေးဆပ်ရန် ဆက်သွယ်သော်လည်း လူကြီးမင်းက ယနေ့အချိန်အထိ လာရောက်ဆက်သွယ်၍ ပေးဆပ်ရှင်းလင်းခြင်း မရှိသေးကြောင်း သိရှိရပါသည်။ သို့ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ အရောင်း အဝယ်ပြုလုပ်ခြင်း၊ ပျောက်ဆုံးလျှောက်ထားခြင်း၊ အခြားတစ်နည်း နည်းဖြင့် လွဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

သို့ပါ၍ ယခုသတင်းစာတွင် ပါရှိသည့်နေ့မှစ၍ (၁၁-၁၁-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ ဦးကျော်ဇော (ခ) ဖောင်ကျိန်ရိတ်က ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်ပေးဆပ်ရမည့်ငွေများအား စာရင်းရှင်းလင်း၍ ပြန်လည်ပေးဆပ်ပါရန်နှင့် စာရင်းရှင်းလင်း၍ ပြန်လည်ပေးဆပ်သည့် နေ့အထိ ကျသင့်သော ငွေများအားလုံးကို လူကြီးမင်းကပင် တာဝန်ယူ ပေးဆပ်ရန် တာဝန်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါသျှမာအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၈၉၄/၂၂-ခ-၂၀၁၇)**
**အမှတ်(၄၉/၁၀)၊ မီယာ(၃)လမ်း၊ ထာ/၁၄ရပ်ကွက်၊**
**ပန်းဒေါ်(၂၇)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-971853905, 09-692840223**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇/ကံဘ၃၊ ဦးပိုင်အမှတ်-၂/ထာ၊ အကျယ်အဝန်း(၀.၀၆၉)ဧကထဲတွင် တည်ရှိသော မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ ဘုရားကြီးလမ်း၊ အမှတ်-၅၁၉၊ ၆၁၊ ၅၂၁ နှင့် ခိုင်ရွှေဝါလမ်း၊ အမှတ်-၅၁၈၊ ၅၁၇၊ ၅၂၀/၈၊ ၅၂၀/က၊ ၅၃၆၊ ၅၅၄ ဟူ၍ပါတွင်သော မြေကွက်များနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ပါမြေကွက်များသည် ရန်ကုန်မြို့တော်ဧည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအုံးကြည် (ISN-၁၈၆၄၉၆)အမည်ပေါက်၊ နှစ်(၃၀) သက်ကုန် ဂရန်မြေအမျိုးအစားဖြစ်ပါသည်။ ဖောင် ဦးအုံးကြည်နှင့် မိခင် ဒေါလှအေးတို့ အသီးသီးကွယ်လွန်သွားကြပြီးဖြစ်၍ အထက်တွင်ဖော်ပြထားသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် သားသမီးများဖြစ်ကြသော ကျွန်ုပ်မိတ်ဆွေ ဒေါပြုးပြုးကြည်(၁၂/မရက(နိုင်)၁၁၃၄၀၇)တို့ မောင်နှမ (၄)ဦးသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်သော မြေကွက်ဖြစ်၍ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေတို့၏ သဘောတူခွင့်ပြုချက်ရရှိတဲ့ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံတိုးချဲ့ပြုပြင်၊ ဆောက်လုပ်ခြင်းများ မပြုလုပ်ကြရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။

**စုစီးပေးဖြန့်နိုင်ပါသည်။**
**ဒေါပြုးပြုးကြည်(၁၂/မရက(နိုင်)၁၁၃၄၀၇)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါနုဒ်မြနိုင် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀)**
**အမှတ်(၁၅၆)၊ ပထမထပ်၊ ဆီဝိုက်မိသားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၃၀၈၈၃၀၃**

**စာအုပ်စာပေ လူမိတ်ဆွေ**




**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ N)၊ မြေကွက်အမှတ် (V-၆)၊ ဧရိယာ (၀.၀၂၆)ကေရှ် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၅-လမ်း၊ အမှတ် (၉၂) ဟု ခေါ်တွင်သည့် မြေကွက်နေအိမ်အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်နေအိမ်၏ အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော **ဒေါ် ဦးဝင်းနိုင် (၁၂/မဂတ(နိုင်) ၀၅၅၈၅၉)၊ ဒေါ် ဦးမျိုးအောင်(၁) ဦးတင်ထွန်း (၁၂/မဂတ(နိုင်) ၀၅၄၂၉၉)၊ ၃။ ဦးကျော်နိုင် (၁၂/မဂတ(နိုင်) ၀၅၅၈၆၀)**တို့ (၃)ဦးမှ မိမိတို့သာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပြောဆို၍ လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နေအိမ်အရောင်းအဝယ်၏ ပိုင်ဆိုင်မှုရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နေအိမ်အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အုပ်ငယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)** LLB,DBL,DML,DIL,DLP
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)** B.Sc,Hon(IC), HGP, R.L,D.B.L
**ဦးမြဲမြင့်ထွန်း (စဉ်-၂၀၂၃၇)** LL.B
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းဟက်) စီမံကိန်းတွင်အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) စက်ဆီ/ချောဆီ ပစ္စည်းများ ဝယ်ယူခြင်း၊ (၁)မျိုး
(ခ) 1st Lift Pump House နှင့် water Treatment Plant တို့အား Commissioning ပြုလုပ်ပြီးသည့် နောက်ပိုင်းတွင် Regeneration လုပ်ငန်းများအတွက် ထပ်မံလိုအပ်မည့် Chemical/Reagent များ ဝယ်ယူခြင်း၊ (၉)မျိုး
(ဂ) စက်ရုံတစ်ခုလုံး၏ Reagent Facilities အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ (၄)မျိုး

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်နေ့ - ၂၉-၁၀-၂၀၂၆ ရက်နေ့၊ (ရုံးချိန်အတွင်း)
တင်ဒါပြီတ်မည့်ရက်နှင့် အချိန် - ၁၁-၁၁-၂၀၂၆၊ (၁၆:၀၀)နာရီ။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်း၍ လာရောက်ထုတ်ယူနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၁၅၈**

## ဒေါ်ယဉ်ယဉ်မွန်မွန် (၁၂/ဒဂန(နိုင်) ၀၀၀စ၃၇၂)အား အကြောင်းကြားအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်- ၄၅၊ စိန်ခဲစလမ်းသွယ် (၁)လမ်း၊ ၄-ရပ်ကွက်၊ ဝေဘဂီအိမ်ရာ၊ ဝေဘဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၄/ဝေဘဂီ၊ မြေကွက်အမှတ်- ၃၃၈၊ ဧရိယာ(၄၀၈၇)ပေ၊ (၀.၀၅၃)ကေရှိ နှစ်(၆၀) ဂရန်မြေပမာဏ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ခေါ်ယဉ်ယဉ်မွန်မွန် (၁၂/ဒဂန(နိုင်) ၀၀၀စ၃၇၂)အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ လက်ငြိမ်းစံးထံမှ အဆိုပါ မြေနှင့်အိမ်ကို ကျွန်ုပ်၏အမှုသည်မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအခါ အဆိုပါ မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လိုအပ်နေသည့်အတွက် လူကြီးမင်းမှ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့ နောက်ဆုံးထားရှိ လာရောက်ချုပ်ဆိုဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြားအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြို့ပေါ်မဲ့၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၅၄၄၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၉-ရပ်ကွက်၊ ရန်ကုန်တက္ကသိုလ်ဝင်းရပ်၊ စစ်ကိုင်းလမ်း၊ ခြံအမှတ်(၁) နေ(၁၁)ဦးစတီဗင်(၁၂/ကမရ(နိုင်)၀၇၂၈၁၆)၊(အဖို)ခေါ်ခိုးဖိုးခိုင်(၁၂/ကမရ(နိုင်)၀၂၂၉၇၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သမီးကြီးဖြစ်သူ မမြသက်ခိုင်(၁၂/ကမရ (နိုင်)၀၇၃၁၅)နှင့် သမီးအငယ်ဖြစ်သူ မပြုံးသူစာ(၁၂/ကမရ(နိုင်)၀၇၃၁၅)တို့သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးစလုံးအား ဂုဏ်သိက္ခာကျဆင်းအောင်၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်း၎င်းတို့နှင့်သက်ဆိုင်သည့် လူမှုရေး၊ စီးပွားရေး၊ ဥပဒေရေး၊ ကြေးရေးနှင့် အခြား မည်သည့်ပြဿနာအရပ်ရပ်အတွက်မဆို တာဝန်ယူပေးဖြေရှင်းပေးမည်မဟုတ်ကြောင်း မိဘဘို့အစိုက်မှ မောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစတီဗင်နှင့် ခေါ်ခိုးဖိုးခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စင်လင်းထွေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၂၃၈)**
**ရွှေပြည်သာတရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကရဲရပ်ကွက်၊ ပဒေသာလမ်း၊ အိမ်အမှတ် (၁၃/၉)၊ အကျယ်အဝန်း (၁၂ပေ× ၃၁ပေ)ရှိ မြေနှင့်အိမ်အပါအဝင် ရေ၊ မီးနှင့် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်သန်းနွေး (၁၂/ကမရ(နိုင်)၀၇၅၀၈၆)မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စင်မောင်း (၁၂/ ကတန(နိုင်)၁၀၉၅၅၆) နှင့် ဒေါ်မေမြတ်သူ (၁၂/ဒပန(နိုင်) ၀၇၃၇၉၉)တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စင်မာဝင်းနှင့် ဒေါ်မေမြတ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)** **ဒေါ်မေရီထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၃၅)** **အထက်တန်းရှေ့နေ (စဉ်- ၃၄၇၆/၄-၁၀-၂၀၁၀)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ ၉၀ဝါးခြံရုံးဝင်း၊** **၄၆/၈၊ ဝါဠိုး(၃)လမ်း၊ ဖော့ကန်၊ အင်းစိန်။**
**အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၈၂၃၃၄၀** **ဖုန်း-၀၉-၅၀၇၄၉၆၇၈**

## "လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၃၈)၊ မဘူလမ်းတွင်နေထိုင်သော ဦးဆန်းဘိုဘိုအောင်(၁၁) ဦးအောင်ဆန်း+ဦး(၁၂/ဇလမ (နိုင်)၀၀၇၃၆၂)သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ် အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတပ်ပုတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/ဂဖဝ)ဖြင့် မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-




ဖော်ပြပါ **"GG AUTO DRIVE BY GOOD GOALS"** လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေလွှဲစာခြေတိုင်ပိုင်း၊ တံဆိပ်ပုံး၊ Name card, Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် **"မော်တော်ကားအရောင်းဆိုင် (Car Showroom)"**တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးရှိမြို့များတွင် ဆိုင်ခန်းများဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို ကိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ၊ သုံးစွဲကြောင်း တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဃူးထူးဇွေ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၀/၁၉၈၇)**
**Building B-7, Room-102, ဟံသာဝတီဝိလ၁၊ ဟံသာဝတီလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**09-5069190, 09-960701938, 09-425329888**

## ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်(ယခင် ၄၂-ရပ်ကွက်)၊ မဟာဆွေလမ်း၊ အမှတ်(၂၃၇) ဟုခေါ်တွင်သော (အလျား ၄၀ x အနံ ၆၀) ပေ၊ ခေါ်ခဲမြင့် [၁၂/လဂန(နိုင်)၀၆၅၈၄၅)]၊ နှစ်(၆၀)ဂရန် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ဒေ-ထပ်တိုက် (ရင်ခွဲ -၁၂) နန်းတွင် ကနဦးကိုက်တာ ဦးသိပ္ပနိုင်[၁၂/ကခက (နိုင်)၀၈၉၉၇၂]၏ အကျိုးခံစားခွင့်ရှိသော ပဉ္စမထပ်(အပေါ်ဆုံးထပ်) (တိုက်ဖျက်နာမည် ဘယ်မြစ်)၊ (အလျား -၁၇ ၊အနံ- ၅၄)ပေ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေသုနိဖြူး [၁၄/ပသန(နိုင်)၀၀၇၃၈၅]မှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ရယူခဲ့ပါသည်။ အဆိုပါတိုက်ခန်းအား အရောင်းအဝယ် လုပ်ထုံးလုပ်နည်းနှင့် အညီ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်စွက်ဖက်၊ ပာနံ့ဘား နောင်ယှက်ပိုင်ဆိုင်မှုမရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေသုဖြိုး သာလျှင် ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေသုဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း (LLB, PGDB)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီးရုံး။ ၀၉-၂၅၃၈၀၀၂၇၈**

## "အများသိရှိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သော ခေါ်ဖြိုးအိအိနိုင်(၁)ဒေါ်ရွှေဝတ်မှန်(၁/မညန(နိုင်) ၀၉၇၅၈၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်းနားကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး မြောက်၊ လူနေရပ်ကွက်အမှတ်-ပင်လယ်ရိပ်မြုံနဲ့အိမ်ရာ၊ မြေကွက်အမှတ်-၄၀၂ ပင်လယ်ရိပ်မုန့် (၂)လမ်း၊ အိမ်ရာအမှတ်-၁၆ ဟုခေါ်တွင်သော အကျယ်(အလျား ၆၄ပေ ၆လက်မ x အနံ ၇၅ပေ ၆လက်မ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိသော အဆောက်အဦနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ် ဝိဓိတ် ဆွေထံသို့ ၎င်းတို့မိခင် ဒေါ်တင့်တင့်ရိ(၅)ဒေါ်နယ်နီဖြင့်မှ (၁၀-၅-၂၀၂၄)ရက်နေ့ "မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းစာချုပ်"ချုပ်ဆို၍ပေးခဲ့ပြီး ကျွန်ုပ်ဝိဓိတ်ဆွေ၏ဖခင်နှင့် မွေးချင်းညီအစ်ကို မောင်နှမများမှလည်း သဘောတူကြောင်း၊ ကန့်ကွက်ရန်မရှိကြောင်း၊ ကျွမ်းကျိန်လွှာများနှင့်တကွ ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့်အိမ်ခြံမြေတို့အပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါရဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း၊ အပည်ပြောင်းဆောင်ရွက်ခြင်း၊ လုနှါးခြင်းပေးကမ်းခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါကြောင်း သိရှိစေအပ်ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခဲ့ပါက ပြုလုပ်ဆောင်ရွက်သူများအပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကျွန်ုပ်ဝိဓိတ်ဆွေ၏ နစ်နာမှုအဝဝကိုလည်း ပြုလုပ်ဆောင်ရွက်သူများမှ တာဝန်ယူပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆင့်သီရိခင်ဧစီ(LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၄၄)**
**အမှတ်(၁၃၀)၊ ရွှေဝံသာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၁၃၀၅၅၂၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၄၈-ရပ်ကွက်၊ ဗိုလ်မူးဗထူးအိမ်ရာ(အပိုင်း-၂)၊ တိုက်အမှတ်(AA-3)၊ အခန်း(704)၊ ဂ-လွှာ၊ အကျယ်အဝန်း(၆၀၀)စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်း တိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းအမည် ပေါက်ထံမှ ဆက်ခံဝယ်ရောင်းဝယ်ခွင့်ရသော ပဥ္စမထပ်(အပေါ်ဆုံးထပ်) (တိုက်ဖျက်နာမည် ဘယ်မြစ်)၊ (အလျား -၁၇ ၊အနံ- ၅၄)ပေ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေသုနိဖြူး [၁၄/ပသန(နိုင်)၀၀၇၃၈၅]မှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ရယူခဲ့ပါသည်။ အဆိုပါတိုက်ခန်းအား အရောင်းအဝယ် လုပ်ထုံးလုပ်နည်းနှင့် အညီ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်စွက်ဖက်၊ ပာနံ့ဘား နောင်ယှက်ပိုင်ဆိုင်မှုမရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေသုဖြိုး သာလျှင် ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေသုဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း (LLB, PGDB)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီးရုံး။ ၀၉-၂၅၃၈၀၀၂၇၈

**မူးယစ်ကိုပစ်ပန်းတိုင်သစ်စိတ်သစ်လူသစ်ဘဝသစ်**



ဘုရား။ ရဟန်း။ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စန်းမြိုင်**

**မတိမ်းမြို့**

**အသက်(၇၁)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မတိမ်းမြို့၊ ကုန်းခါး (၃)ရပ်ကွက်နေ (ဦးတင်မောင်–ဒေါ်သန်းမေ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၆၉)နေ ဦးအောင်သန့်–ဒေါ်စမ်းစမ်းထွေး (ZPG ဆေးဝါးစက်ရုံနှင့် ZPG ကုမ္ပဏီ)တို့၏ မွေးသမီးဝင်၊ ဦးစိုင်းလွင်ဦး–ဒေါ်မိုးမိုးလွင်တို့၏ မိခင်၊ မြေး လေးယောက်တို့၏ အဘွား၊ ဦးငြိမ်းဇေဖေ၏နှမ၊ ဒေါ်ခင်စန်းမြိုင် အသက်(၇၁)နှစ်သည် ၂၇–၁၀–၂၀၂၆(အင်္ဂါနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁၀–၂၀၂၆(အင်္ဂါနေ့)ညနေ ၄ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစု တို့က ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



ဘုရား။ ရဟန်း။ ကျောင်း ဒါယကာကြီး

**ဦးဘတင်**

**အသက်(၉၆)နှစ်**

ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ(ဦးစွန်နှား–ဒေါ်ရွှေတို့၏သား။ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သိမ်ဂေါလမ်(၂)လမ်း။ တိုက်(၄၄–B)နေ (ဦးသိ–ဒေါ်နီ)တို့၏ သားသမက်၊ ဒေါ်သိန်းနု ၏ခင်ပွန်း၊ ဦးမောင်မောင်တင်–ဒေါ်ကိုတာညွန့်ညွှန့်၊ ဒေါ်နုနုတင်၊ ဒေါ်နီနီတင်၊ ဦးထွန်းအောင်ကျော်–ဒေါ်အေးအေးတင်တို့၏ မွေးငယ်ခင်ဗျားရှင်၊ မြေး လေးယောက်တို့၏အဘိုးဖြစ်သူသည် ၂၆–၁၀–၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၈–၁၀–၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေဆိုမိမှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။။) [ကွယ်လွန်သူအားရည်စူးရ၍ ဘုရားအမှုးရှိသော ပဉ်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါဟာပွဝတ္ထုုအစုစုတို့ဖြင့် ဆက်လက်ပူဇော်ခြင်းငှာ ရေစက်သွန်းချအမှုပေးဝေမည်ဖြစ်ပါသောကြောင့် နံနက် ၇ နာရီမှ ၁၁ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)၊ ၄၅ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၄၆)နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



**သီရိပျံချီ ဗိုလ်မှူးကျော်မောင်(ငြိမ်း)**

**ရဲဦငြိုးနယ်ကောင်စီ၊ ဥက္ကဋ္ဌ (ငြိမ်း)**

**အသက်(၉၃)နှစ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ရွှေဘွားရွာနေ(ဦးကျော်ဦး–ဒေါ်စောညို)တို့၏ သား၊ (ဒေါ်ဦးသန္တာ)၊ (ဦးကျောဓောအောင်)တို့၏ ညီ/မောင်၊ တိုက်(၃၁)၊ အခန်း(၁)၊ ဦးဝိစာရဇိမ်ရာ၊ ဒဂုံမြို့နယ်နေ ဒေါ်မေကြည်၏ ခင်ပွန်း၊ ဒေါက်တာကျော်မြင့်ဦး–ဒေါက်တာကြည်ကြည် ဆန်း၊ ဦးထွန်းဝင်း–ဒေါ်မြသိဂီ၊ ဦးစောသိန်း–ဒေါ်မြသီတာ၊ ဦးမောင်မောင်တင်–ဒေါ်မြသန္တာ၊ ဦးအေးကျော်အောင်–ဒေါ်မြသူစာ၊ ဦးကျော်မျိုးအောင်–ဒေါ်လှသူစာတို့၏ ဖခင်၊ မြေး ကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးရှင်၊ သီရိပျံချီ ဗိုလ်မှူး ကျော်မောင်(ငြိမ်း) [ရခိုင်ပြည်နယ်ကောင်စီ၊ ဥက္ကဋ္ဌ (ငြိမ်း)]သည် ၂၇–၁၀–၂၀၂၆ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၀–၂၀၂၆(ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။(နေဆိုမိမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု



**ဦးနေဝင်း**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) (ယာ/ဆုံ)**

**အသက် (၆၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (ဦးစိန်ထွန်း)–(ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးတင်ရွှေ)–(ဒေါ်ထွေးမြင့်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အိမ်အမှတ် (၄၆)နေ ကိုအောင်ခွန်းထွန်း–မေအေးမြတ်သူ၊ ကိုအောင်သူရဟန်–မခိုင်သဇင်အေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟန်ထူးအောင်၊ မောင်မြတ်သက်အောင်၊ မောင်ခွန်သုရဟက်၊ ဧစ်ယုယနွေးတို့၏ အဘိုး၊ ဒေါ်ခင်မိုးဆွေ၏ ချစ်လှစွာသော ခင်ပွန်း ဦးနေဝင်း အသက်(၆၇)နှစ်သည် ၂၇–၁၁–၂၀၂၆(အင်္ဂါ နေ့) နံနက် ၁၁:၄၃ နာရီတွင် စတင်ထွက်ခွာပေး။။ [ကွယ်လွန်သူအားရည်စူးရ၍ ၂–၁၁–၂၀၂၆(တနင်္လာနေ့) နံနက်တွင် ဘုရားအမှုးရှိသော ပဉ်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းစသော ဒါဟာပွဝတ္ထုုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်သွန်းချအမှုပေးဝေမည်ဖြစ်ပါသောကြောင့် နံနက် ၇ နာရီမှ ၁၁ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)၊ ၄၅ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၄၆)နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက် ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ကန့်ကွက်ခိုင်ခဲကြောင်းကြေညာစာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅) လမ်း၊ တိုက်အမှတ် (၂၂/၂၈)၊ အခန်းအမှတ်(၁)၊ အကျယ် အဝန်း(၁၆၃'×၅၀')ခန့်ရှိ မြေညီထပ်တိုက်ခန်း (ခြောက်ခန်း တွဲတွင် ပထမမြောက်အခန်း) ရေမီးအရံအပါအဝင် အကျိုး ခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစောဖြင့် (၁၂/လမတ(နိုင်)၀၁၂၃၇၃)ထံမှ ကျွန်ုပ်၏ ဖိတ် ခေါ်ချက်ကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စန်းစန်း(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
၁၆၊ ၂၀ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၆၀၄၄



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထုပါရုံရပ်ကွက်၊ ထုပါရုံအနောက်(၂)လမ်းမ မြေကွက်အမှတ်-၁၁၁၀၊ တိုက်အမှတ်(၁၆)၊ (၆ထပ် အပေါ်ဆုံးထပ်) (ခြေရင်း)ရှိ အခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင် လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိမြတ်မြူ(စ/မကန(နိုင်)၁၆၆၉၂၂)ကိုင်ဆောင် သူထံမှ ကျွန်ုပ်၏ဖိတ်ခေါ်ချက်ဖြင့် ယင်းအပိုင်ငှါးရမ်းခံယူရန်အတွက် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်မည်သူရှိပါက ဤကြေငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း မိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံတွင် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဦးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုနှင်းဦး (LL.B, D.B.L)
ဒေါ်ထက်ထက်ဖြိုးအောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၂၇)
အမှတ်-၁၁၀၊ ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊
မဟာဓနုလေးဝိုးရုံးသည်လမ်းကြား၊ ရန်ကုန်တိုင်းဒေသကြီး။
Ph:09-401232877, 09-250641803



**"သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"**

မောင်ထွန်းလင်းနောင်(ခ)ထူးထူး[၁/အစန(နိုင်)၂၇၂၄၀၆]သည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွတ်နိုင်သည့် ကိစ္စရပ်များအား ဆောင်ရွက် နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်ထွန်းလင်းနောင်(ခ)ထူးထူးနှင့် ပတ်သက်သည့်ကိစ္စအဝဝအား မိခင် ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်သူ
ဒေါ်ခွေခွင်မော်
[၁၂/အစန(နိုင်)၀၇၇၉၄၃]

လွှဲအပ်ချက်အရ
ဒေါ်နုဝင်းလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)
အမှတ်(၃၃၀)၊ ဥဒုနာ(၆)လမ်း၊ (၈)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၀၉၃၂၈၇



**"ဦးမြဖိုင်နှင့် အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)တိုးဇွဲရပ်ကွက်၊ သခင်သင်ဇော်(၁)လမ်းမ အမှတ်(၂၈၀)ဟုခေါ်ဝေါ်သော အကျယ်အဝန်း (၄၀'×၆၀') ရှိ ဦးကျော်ဆန်းဦး [၁၂/ဟဘဝ(နိုင်)၀၀၇၉၄၄] အမည်ပေါက် ဂရန်မြေကွက်နှင့် နေအိမ်တို့အား (၁၉၉၆)ခုနှစ်တွင် မိခင်ဖြစ်သူ ဒေါ်အောင်ခင်နှင့် ဦးကျော်ဆန်းဦး တို့မှ အကျိုးတူ ဝယ်ယူခဲ့ကြပါသည်။ ဒေါ်အောင်ခင်သည် ကျန်းမာရေးအရ ရုံးဌာနများသွားရန် အဆင်မပြေသဖြင့် ဦးကျော်ဆန်းဦးမှ ဂရန်အမည်ပေါက် လျှောက်ထားရယူခဲ့ပါသည်။ ထို့နောက် ဦးကျော်ဆန်းဦးသည် လုပ်ငန်းကိစ္စအတွက် ငွေကြေးအချို့အား ယောက်ဖဖြစ်သူ ဦးမြနိုင်ထံမှ ချေးငှားခဲ့၍ အပေါင်အဖြစ် အထက်ပါ မြေကွက်၏ မြေငှားဂရန်မူရင်းအား ပေးအပ်ခဲ့ပြီး ဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း ညွှန်ကြားသိရှိရသည်။ အထက်ဖော်ပြပါမြေကွက်အား ပေါင်ခံ စဉ်က ဦးကျော်ဆန်းဦးသည် မြေကွက်အား ပြန်လည်မရွေးထုတ်နိုင်ပါက မြေကွက်၏ ခြေရင်းခြမ်းဖြစ်သော အကျယ်အဝန်း (၂၀'x ၆၀')အား အပေါင်ခံသူဦးမြနိုင် အနေဖြင့် လိုအပ်သလို ပြုလုပ်နိုင်ကြောင်း၊ ခေါင်းရင်းခြမ်း (မြေကွက်အမှတ်–၂၊ စာရွက်စာတမ်းများ) အား အကျိုးတူဝယ်ယူခဲ့သည့် ဒေါ်အောင်ခင်မှ လက်ရှိနေထိုင် ပိုင်ဆိုင်ကြောင်း၊ မိမိဦးကျော်ဆန်းဦးနှင့် အဆိုပါခေါင်းရင်းခြမ်းမြေကွက်သည် မသက်ဆိုင်ကြောင်း ဦးမြနိုင်အား ပြောဆိုခဲ့သည်ဟု ညွှန်ကြားသိရှိရသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အပေါင်အဖြစ် ဂရန်မူရင်းအား လက်ခံရယူထားသူ ဦးမြနိုင်အနေဖြင့် ဦးကျော်ဆန်းဦးနှင့် ဒေါ်အောင်ခင်တို့၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် ပေးကမ်းခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ကန့်ကွက် ပါကြောင်းနှင့် အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ပါက မိမိတို့၏တာဝန် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၀၆၄၃၀)**
**ဖုန်း-၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**



**(၂၀-၁၀-၂၀၂၆) နေ့ထုတ် ကြေးမုံသတင်းစာ၏စာမျက်နှာ (၂၄)ပါ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဒေါ်အေးအေးမော်(စဉ်-၇၆၀၇)၊ ဒေါ်သူသူမင်း(စဉ်-၁၂၆၆၅)၊ ဒေါ်မာလာသန်းမြင့် (စဉ် -၁၈၂၅၅)တို့က ဒေါ်ကြည့်ကြည်ဝင်း[၁၂/ပဇတ(နိုင်)၀၁၆၉၈၂]နှင့် ဒေါ်သဇင်ဝင်း [၁၂/ပဇတ(နိုင်)၁၂၀၀၂]တို့နှင့် အများသိစေရန်ကြေညာခြင်းအပေါ် ဖြစ်ရပ်မှန်အတိုင်းရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ကြည့်ကြည်ဝင်း[၁၂/ပဇတ(နိုင်)၀၁၆၉၈၂]နှင့် သမီးဒေါ်သဇင်ဝင်း[၁၂/ ပဇတ(နိုင်)၁၂၀၀၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြစ်ရပ်မှန်ကို ရှင်းလင်းကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ကမ်းခြံကုန်းမြို့နယ်၊ အင်္ကပြားကျေးရွာရှိလယ်မြေများကို ဒေါ်ကြည့်ကြည်ဝင်း၏ခင်ပွန်း ဦးတင်ဝင်း က စာချုပ်စာတမ်းနှင့်ငယ်ယူပြီး ဦးအုတ်ဝေး၏ သားသမီးများနေထိုင်ရန် အခက်အခဲရှိသဖြင့် ဦးတင်ဝင်းထံ ငေးထိုင်ခွင့် တောင်းခဲ့ရာတွင် အင်္ကပြားကျေးရွာအုပ်ချုပ်ရေးမှူးရေ့နေတို့ဝင် (၁၉–၄–၂၀၁၉)ရက်ရေ့ရောက်သည့်အချိန်မှ နောက်နှောင့် အနှောင့်အရှင်းကင်းရန်အတွက် စာချုပ်ဖြင့်ပြုလုပ်ခဲ့ပါသည်။ စာချုပ်တွင် ဒေါ်သန်းဌေး၊ ဒေါ်တင်ကြည်၊ ကိုသေးသေး(ခ)မြင့်ဦး၊ ဒေါ်ဌေးရီ၊ ဦးဌေးတို့က လက်မှတ်ရေးထိုးလက်ခံခဲ့ကြပါသည်။ ဦးတင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ယခင်ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ကပြားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၈၁) ခေးပလဝုဒ်ရပ်

❖ နိုင်ငံတော် ရွှေသီဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ဧရာဝတီအသင်းနှင့် သစ္စာအားမာန်အသင်း သရေကျ

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁) ပထမနေ့ကို အောက်တိုဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်စီးတီးအသင်း နိုင်ပွဲရပြီး ဧရာဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေကျခဲ့သည်။

ဗဟန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းက Chinland အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ၁၀ ပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယား အောက်ဆုံးမှ Chinland အသင်းမှာမူ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ ၃၆ မိနစ်တွင် သန်းတိုးအောင်က ရန်ကုန်စီးတီးအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၇၁ မိနစ်တွင်

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ✹



ဧရာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၇

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ (MICC–I) ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၈နာရီ ခွဲတွင် MICC –I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှ စတင်ပြီး MRTV HD၊ MRTV Entertainment၊ MRTV NRC Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi၊ Channel 24 နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ သတင်းစဉ်



သစ္စာအားမာန်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း နိုင်ပွဲရယူ

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲပွဲစဉ်(၁၁) ခုတိယနေ့ကို အောက်တိုဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း နိုင်ပွဲရယူခဲ့သည်။

ပဒေသာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရန်ကုန်စီးတီးအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဖိလစ်ပိုင်ကစားသမားနှစ်ဦး ခေါ်ယူပြီးနောက် ခြေစွမ်းပိုင်းတိုးတက်လာသည့် ရန်ကုန်စီးတီးအသင်းသည် ယခုရာသီ ပထမဆုံးရမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နောက်ကျဂိုးကြောင့် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

သစ္စာအားမာန်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်း၏ ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူကာ နိုင်ပွဲရယူနိုင်သဖြင့် အမှတ်ပေးဇယား တတိယနေရာအထိ တက်လှမ်းနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို ၇၆ မိနစ်တွင် ငယ်ငယ်ထွေးက သွင်းယူခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၃ သို့ ❖

## အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း ဘလွန်းဒီအောဆု ဆွတ်ခူး

အင်္ဂလန်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဟယ်ရီကိန်းဟာ ၂၀၁၁ ခုနှစ်က ဘလွန်းဒီအောဆုကို မိုက်မယ်အိုဝင်ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ဆွတ်ခူးခဲ့တဲ့ ပထမဆုံးအင်္ဂလန်ကစားသမားဖြစ်လာခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘာတ်ပိုနဲ့ ဘာစီလိုနာအသင်းမှ စပိန်တိုက်စစ်မှူး လာမိုင်းယာမယ်တို့ကို

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ☆



အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းအား ဘလွန်းဒီအောဆု လက်ခံရယူပြီးနောက် တွေ့ရစဉ်။

## ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာအသင်း Tier D ပွဲစဉ်များ ဆက်လက်ကစားရမည်

ရန်ကုန် အောက်တိုဘာ ၂၇

အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၆ ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအသင်းသည် အုပ်စုပွဲများအပြီး Tier D ပွဲစဉ်များ ဆက်လက်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီး အဆင့်ရပ်တည်မှုအပေါ်မူတည်၍ ရှုံးထွက်ပွဲများ ဆက်လက်ကစားရခြင်းဖြစ်ပြီး အဆင့်(၁)ရသည့် အသင်းများက Tier A၊ အဆင့်(၂)ရသည့်အသင်းများက Tier B၊ အဆင့်(၃)ရသည့်အသင်းများက Tier C၊ အဆင့်(၄)ရသည့်အသင်းများက Tier D၊ အဆင့်(၅)ရသည့် အသင်းများက Tier E၊ အဆင့် (၆)ရသည့်အသင်းများက Tier F ပွဲစဉ်များ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု W တွင် ကျရောက်ခဲ့ပြီး ဂူအမ်အသင်းကို သုံးဂိုး–ဂိုးမရှိ၊

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ★



## ယနေ့ ဖတ်စရာ

### ထိုင်းနိုင်ငံ၌ အိမ်ထောင်စု တစ်သန်းအတွက် ဆိုလာလျှပ်စစ် တပ်ဆင်ရေးပံ့ပိုးမည့် အစီအစဉ် ဆောင်ရွက်

စာမျက်နှာ » ၁၃

### KNPP ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သိတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာ ကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံ တိုင်းရင်းသားပြည်သူများအား ရှောတိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူငါးဦး ပုံးစထိမှန်ဒဏ်ရာရရှိ

စာမျက်နှာ » ၂၁